# ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအချက်

သင်ခန်းစာ နှစ်

ပေါလုနှင့်ဂလာတိသြဝါဒစာ

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 *Live Oaks Blvd., Casselberry, Florida* 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် *Good News Publishers* ၏ အမှုတော်တစ်ခုဖြစ်သော *Crossway* ၏ 2001 ခုနှစ် ထုတ် *ESV (English Standard Bible)* သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း *501 C (3)* အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ *www.thirdmill.org* သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း ... 1**

**နောက်ခံသမိုင်း ... 2**

**ပထမခရီးစဉ် ... 3**

**ပြဿနာများ ... 5**

တစ်ပါးအမျိုးသားများဝင်ရောက်လာခြင်း ... 5

မိစ္ဆာဆရာများ ... 6

**ဖွဲ့စည်းပုံနှင့် အကြောင်းအရာ ... 11**

**ညွှန်ကြားချက်နှင့် နောက်ဆက်တွဲ (၁:၁-၅) ... 11**

**ပြဿနာမိတ်ဆက် (၁း၆-၁၀) ... 11**

**သမိုင်းမှတ်တမ်းများ (၁:၁၁–၂:၂၁) ... 13**

ခေါ်ခြင်းနှင့်လေ့ကျင့်ပေးခြင်း (၁:၁၁-၁၇) ... 13

ခေါင်းဆောင်များနှင့် တွေ့ဆုံခြင်း (၂း၁-၁၀) ... 15

ပေတရုနှင့်ပဋိပက္ခဖြစ်ခြင်း (၂း၁၁-၂၁)၊ ... 16

**ဓမ္မပညာဆိုင်ရာအထောက်အထားများ (၃:၁–၄:၃၁) ... 17**

ကနဦးအတွေ့အကြုံ (၃:၁-၅) ... 17

အာဗြဟံ၏ယုံကြည်ခြင်း (၃:၆–၄:၁၁) ... 18

မျက်မှောက်အတွေ့အကြုံ (၄:၁၂-၂၀) ... 24

အာဗြဟံ၏မယားများနှင့် သားများ (၄း၂၁-၃၁) ... 24

**လက်တွေ့ကျသော တိုက်တွန်းချက်များ (၅:၁–၆:၁၀) ... 26**

ခရစ်တော်၌လွတ်မြောက်ခြင်း (၅း၁-၁၅) ... 26

သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုး (၅း၁၆-၂၆) ... 28

ဘုရားသခင်၏တရားစီရင်ခြင်း (၆း၁-၁၀) ... 29

**ဓမ္မပညာဆိုင်ရာ အမြင်များ ... 30**

**ခရစ်တော် ... 31**

**ဧဝံဂေလိတရား ... 32**

**ပညတ်တရား ... 34**

**ခရစ်တော်နှင့်ပေါင်းစည်းခြင်း ... 37**

**သန့်ရှင်းသောဝိညာဉ်တော် ... 38**

**အသစ်ပြုပြင်သောသတ္တဝါ ... 40**

**နိဂုံး ... 41**





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

မိဘများသည် အရုပ်တစ်ခု သို့မဟုတ် နှစ်ခုကိုကောက်ယူပြီး သူတို့ကိုယ်သူတို့ ကလေးများကဲ့သို့ ပြုမူခြင်းဖြင့်၊ တစ်ခါတစ်ရံ ကလေးများနှင့်အတူကစားတတ်ကြသည်။ ဤအရာများကို သာမန်အဖြစ် သဘောထားရမည်ဖြစ်သည်။ သို့သော် ရင့်ကျက်သောလူကြီးများသည် ကလေးကစားစရာအရုပ်များနှင့် တစ်နေကုန်ကစားခြင်းဖြင့် ၎င်းတို့၏နေ့ရက်များကို ကုန်ဆုံးစေလျှင် ၎င်းသည်အလွန်ထူးဆန်းပါသည်။ အကယ်၍ ဤသို့ပြုလုပ်နေသည့်မိတ်ဆွေတစ်ဦးကို ကျွန်ုပ်တို့တွေ့ပါက၊ "သင်သည် အရွယ်ရောက်ပြီ၊ ကလေးတစ်ဦးကဲ့သို့ ပြုမူနေသည်ကို ရပ်လိုက်ပါ"ဟု ကျွန်ုပ်တို့ပြောမည်ဖြစ်သည်။

တမန်တော်ပေါလုသည် သူ၏အစောပိုင်းအမှုတော်တွင် ဤကဲ့သို့သောအဖြစ်အပျက်မျိုးကို ကြုံတွေ့ခဲ့သည်။ သူသည် ခရစ်တော်၏သတင်းကောင်းကို ဂလာတိပြည်တွင်ဟောပြောပြီး၊ ယုံကြည်သူ ယုဒလူမျိုးများနှင့် တစ်ပါးအမျိုးသားများတွင် အသင်းတော်များကိုတည်ထောင်ခဲ့သည်။ ခရစ်တော်သည် သမိုင်း၏အဆုံး သို့မဟုတ် နောက်ဆုံးသောကာလကိုအစပြုခဲ့ပြီး၊ သူတို့အားဘုရားသခင်နှင့် ရင့်ကျက်သောဆက်ဆံရေးသို့ ပို့ဆောင်ခဲ့ကြောင်းကို သွန်သင်ခဲ့သည်။ သို့သော် ထိုသူတို့ထံမှ ပေါလုထွက်ခွာပြီး နောက်တွင်၊ မိစ္ဆာဆရာများသည် ဂလာတိအသင်းတော်များရှိလူများအား ခရစ်တော်မတိုင်မီ ဣသရေလ တို့၏လမ်းစဉ်သို့ လှည့်ပြန်ရန် သွေးဆောင်ခဲ့ကြသည်။ ထို့ကြောင့်၊ "သင်တို့သည် ယခုအခါ ခရစ်တော်၌ ဝိညာဉ်ရေးဆိုင်ရာ အရွယ်ရောက်ပြီးသူများဖြစ်ကြပြီး၊ ကလေးများကဲ့သို့ပြုမူခြင်းအား ရပ်ကြလော့"ဟု လေးနက်သော အသုံးအနှုန်းများဖြင့်ပြောရန် ဂလာတိဩဝါဒစာကို ရေးခဲ့သည်။

ဤသည်မှာ ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအချက် အခန်းဆက်သင်ခန်းစာမှဒုတိယသင်ခန်းစာ ဖြစ်ပြီး၊ "ပေါလုနှင့်ဂလာတိဩဝါဒစာ" ဟူ၍ခေါင်းစဉ်တပ်ထားပါသည်။ ဤသင်ခန်းစာတွင်၊ ဂလာတိ အသင်းတော်များသည် ယုဒဘာသာ၏အလေ့အကျင့်သို့ ပြန်သွားရန် သွေးဆောင်ခံရပုံကို တွေ့မြင်ရမည် ဖြစ်သည်။ ထို့ပြင် ခရစ်တော်သည် နောက်ဆုံးသောကာလ၌ ဘုရားသခင်၏ကောင်းချီးမင်္ဂလာများထဲသို့ ၎င်းတို့အားဆောင်သွင်းခဲ့ကြောင်း သူတို့ကိုသတိပေးခြင်းဖြင့်၊ ဤနောက်ပြန်ကြည့်သော ခရစ်ယာန်များ ကို ပေါလုမည်သို့တုံ့ပြန်ခဲ့သည်ကိုလည်း ကျွန်ုပ်တို့ကြည့်ပါမည်။

ယခင်သင်ခန်းစာတွင်၊ ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအချက်မှာ သူ၏နောက်ဆုံးသောကာလ ဖြစ်သည့်—ယေရှုသည် ဣသရေလလူမျိုး၏မေရှိယဖြစ်ကြောင်းနှင့် ယေရှုသည် နောက်ဆုံးသော နေ့ရက်များ သို့မဟုတ် မြေကြီးပေါ်ရှိ ဘုရားသခင့်နိုင်ငံတော်၏နောက်ဆုံးသောနေ့ရက်များကို အစပြုခဲ့ ကြောင်း သူ၏ခိုင်မာသောခံယူချက်ကို ကျွန်ုပ်တို့မြင်တွေ့ခဲ့သည်။ ဓမ္မဟောင်းပရောဖက်ပြုချက်ကို အခြေခံ၍၊ ပေါလု၏ခေတ်မှ သစ္စာရှိသောယုဒလူတိုင်းသည် မေရှိယကြွလာသောအခါ ကမ္ဘာကြီးကို ကြီးမားစွာပြောင်းလဲစေမည်ဟု ယုံကြည်ခဲ့ကြသည်။ သခင်ယေရှု၏သွန်သင်ချက်များကို လိုက်နာခြင်း



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖြင့်၊ ခရစ်တော်၏ပထမအကြိမ်ကြွလာခြင်း၌ နောက်ဆုံးသောကာလကို အစပြုခဲ့သောအခါ ဤအရာကို စတင်လုပ်ဆောင်ခဲ့ကြောင်း ပေါလုသွန်သင်ခဲ့သည်။ သို့သော် ဘုရားသခင့်နိုင်ငံတော်သည် ကမ္ဘာတစ်ဝှမ်းတွင် ဆက်လက်ပျံ့နှံ့မည့်အချိန်ကာလတစ်ခုရှိမည်ဟုလည်း သူသွန်သင်ခဲ့သည်။ နောက်ဆုံးတွင်၊ ခရစ်တော်သည် သူ၏ဒုတိယအကြိမ်ကြွလာချိန် နောက်ဆုံးသောကာလကုန်ဆုံးမှသာ ဖန်ဆင်းခြင်း၏အသွင်ကူးပြောင်းမှုကို ပြီးမြောက်စေမည်ဖြစ်သည်။

ဤခရစ်ယာန်သွန်သင်ချက်ကြောင့် ခရစ်ယာန်များစွာ စိတ်ရှုပ်ထွေးနေကြသည်ကို လွယ်ကူစွာနားလည်နိုင်သည်။ နောက်ဆုံးသောကာလသည် မည်သို့သောနည်းများဖြင့် ရောက်ရှိနေပြီးဖြစ်သနည်း။ ၎င်းတို့သည် မည်သို့သောနည်းများနှင့် မရောက်ရှိသေးသနည်း။ ကျွန်ုပ်တို့မကြာမီမြင်တွေ့ရမည့်အတိုင်း၊ ဂလာတိလူများသည် ခရစ်တော်၏ ပြီးမြောက်အောင်မြင်ခဲ့မှုများကို လျှော့တွက်ရန် သွေးဆောင်ခြင်းခံကြရသည်။

ပေါလုနှင့်ဂလာတိဩဝါဒစာအား လေ့လာခြင်းကို သုံးပိုင်းခွဲပါမည်။ ရှေးဦးစွာ၊ ဂလာတိဩဝါဒစာ၏နောက်ခံသမိုင်းကို ကြည့်ပါမည်။ ဒုတိယ၊ ဩဝါဒစာ၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာကို အကျဉ်းချုပ်ဖော်ပြပါမည်။ တတိယ၊ ဤဩဝါဒစာပါအကြောင်းအရာသည် ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအမြင်များဖြစ်သည့်—နောက်ဆုံးသောနေ့ရက်များအပေါ် သူ၏အမြင်များ သို့မဟုတ် နောက်ဆုံးသောကာလမှ မည်သို့ထွက်ပေါ်လာသည်ကို ကျွန်ုပ်တို့ဆန်းစစ်ပါမည်။ ဂလာတိဩဝါဒစာ၏နောက်ခံသမိုင်းကို ဦးစွာကြည့်ကြပါစို့။

# နောက်ခံသမိုင်း

ပေါလုသည် သူ၏ဩဝါဒစာများကို တစ်နေရာမှတစ်နေရာသို့ ခရီးထွက်ရင်း ရေးသားခဲ့သည်။ ရလဒ်အနေဖြင့်၊ သူသည် စိတ်ကူးယဉ်ဓမ္မပညာအကြောင်း အဓိကရေးခဲ့ခြင်းမဟုတ်ပါ။ ယင်းအစား၊ မတူညီသောအချိန်နှင့် နေရာဒေသများတွင် ခရစ်တော်၏နောက်လိုက်များ ကြုံတွေ့နေရသည့် သီးခြားပြဿနာများကို ဖော်ပြရန်အတွက် သူ၏ဩဝါဒစာများကို ရေးသားခဲ့သည်။ ထို့ကြောင့်၊ ဂလာတိလူတို့ထံ ပေါလုရေးခဲ့သည့်အရာကို နားလည်ရန်၊ ပေါလု၏ကာလ ဂလာတိပြည်၏ သမိုင်းအခြေအနေနှင့် ပတ်သက်သော အခြေခံမေးခွန်းအချို့ကို ကျွန်ုပ်တို့ဖြေဆိုရန်လိုအပ်ပါသည်။ ပေါလုသည်သူ၏ဩဝါဒစာကို ဂလာတိအသင်းတော်များထံသို့ မည်သည့်အချိန်ကရေးခဲ့သနည်း။ ဤဩဝါဒစာတွင် မည်သည့်ပြဿနာများကို သူဖော်ပြခဲ့သနည်း။

ဂလာတိဩဝါဒစာ၏နောက်ခံသမိုင်းကို ပုံစံနှစ်မျိုးဖြင့် ကြည့်ပါမည်။ ဦးစွာ၊ ပေါလု၏ပထမသာသနာပြုခရီးစဉ်တွင် ဂလာတိလူများနှင့် ထိတွေ့ဆက်ဆံမှုကို သုံးသပ်ပါမည်။ ဒုတိယ၊ ၎င်းတို့ထံစာရေးရန် ပေါလုအားလှုံ့ဆော်ပေးသည့် သီးခြားပြဿနာအချို့ကို ဖော်ပြပါမည်။ ပေါလု၏ပထမသာသနာပြုခရီးစဉ်၏ နောက်ခံသမိုင်းကြောင်းနှင့် စကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ပထမခရီးစဉ်

တမန်တော် ၁၃၊ ၁၄ သည် ပေါလု၏ပထမသာသနာပြုခရီးစဉ်ကို အကျဉ်းချုပ်ဖော်ပြထားသည်။ ပေါလုနှင့် သူ၏အဖော်ဗာနဗတို့သည် ဂလာတိပြည်တွင် ခရစ်တော်၏သတင်းကောင်းကို ဟောပြောပြီး၊ အသင်းတော်များတည်ထောင်ကြစဉ် ဆန့်ကျင်မှုများစွာကို ရင်ဆိုင်ခဲ့ကြသည်မှာ ထင်ရှားပါသည်။ ဝမ်းနည်းစရာမှာ၊ ဤဆန့်ကျင်မှုအများစုက ယေရှုသည် မေရှိယဖြစ်ကြောင်းကို မယုံကြည်ကြသော ပေါလု၏ယုဒလူမျိုးချင်းများထံမှ လာခြင်းဖြစ်သည်။ သို့ရာတွင် ဆန့်ကျင်သူများသည် ပေါလုနှင့် ဗာနဗတို့ကိုသာ နှောင့်ယှက်ကြသည်မဟုတ်။ ပေါလုနှင့် ဗာနဗတို့သည် ထိုဒေသမှ ထွက်ခွာသွားပြီးနောက်၊ အသင်းတော်ရှိ ယုဒလူမျိုးဆရာများသည် ဂလာတိယုံကြည်သူလူသစ်များကို ယုဒထုံးတမ်းစဉ်လာအချို့အား လိုက်နာရန် ဖိအားပေးခဲ့သည်—ပေါလုယုံကြည်ခဲ့သော ထုံးတမ်းစဉ်လာများသည် ခရစ်တော်ပြီးမြောက်တော်မူခဲ့သည့်အရာများနှင့် မကိုက်ညီပါ။

ပေါလုနှင့် ဗာနဗတို့ကို အထူးသာသနာပြုလုပ်ငန်းအတွက် ဆီးရီးယားနိုင်ငံ အန္တိအုတ်မြို့ရှိ အသင်းတော်အား သန့်ရှင်းသောဝိညာဉ်တော်က ညွှန်ကြားပြီးနောက် ခရစ်တော်၏တမန်တော်အဖြစ် ပေါလု၏ပထမခရီးစဉ်သည် အေဒီ ၄၆ ဝန်းကျင်တွင် စတင်ခဲ့သည်။ ပေါလုနှင့်ဗာနဗတို့သည် ကုပရုကျွန်းသို့ရွက်လွှင့်ခြင်းဖြင့် သူတို့၏ခရီးစဉ်ကို စတင်ခဲ့ကြသည်။ သူတို့သည် အရှေ့ဘက်ရှိ ရှာလမိမြို့မှအစပြု၍၊ အနောက်ပိုင်းရှိပါဖုမြို့သို့ ခရီးထွက်ကာ တရားဇရပ်တစ်ခုမှ တစ်ခုသို့ ခရစ်တော်၏နိုင်ငံတော်ဆိုင်ရာ ဧဝံဂေလိတရားကို ကြွေးကြော်ခဲ့ကြသည်။ ပေါလုနှင့်ဗာနဗတို့သည် ကုပရုကျွန်းမှပေရဂေမြို့သို့ ရွက်လွှင့်ပြီး၊ ပိသိဒိပြည်အန္တိအုတ်မြို့ရှိရာ ကုန်းတွင်းပိုင်းသို့ပြောင်းရွှေ့ခဲ့သည်။ ထိုကာလ၌၊ ပိသိဒိပြည် အန္တိအုတ်မြို့သည် ရောမနိုင်ငံ ဂလာတိပြည်၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ယုဒလူမျိုးအများအပြားသည် တရားဇရပ်၌ ပေါလုဧဝံဂေလိတရားဟောသည်ကို ကြားပြီးနောက်၊ အပြုသဘောဖြင့် တုံ့ပြန်ခဲ့ကြသည်။ သို့သော် တစ်ပတ်အတွင်းတွင်၊ မယုံကြည်သူယုဒလူမျိုးများသည် ပေါလုနှင့်ဗာနဗတို့ကို ရန်ဘက်ပြုရန် မြို့တွင်း၌သွေးထိုးလှုံ့ဆော်ပြီး၊ သူတို့ကို မြို့ပြင်သို့ နှင်ထုတ်ခဲ့ကြသည်။ ပေါလုနှင့် ဗာနဗတို့သည် ပိသိဒိပြည်အန္တိအုတ်မြို့မှ အရှေ့ဘက်ပိုင်းရှိဂလာတိပြည်သို့ ပြောင်းရွှေ့ကာ ဣကောနိမြို့၌ဦးစွာ ရပ်နားကြသည်။ ထိုမြို့တရားစရပ်၌ တရားဟောသောအခါ၊ ယုဒလူမျိုးနှင့် တစ်ပါးအမျိုးသား အများအပြားသည် ခရစ်တော်ကို ယုံကြည်လာကြသည်။ သို့သော် မယုံကြည်သူယုဒလူတို့သည် ပေါလုနှင့် ဗာနဗတို့အားသတ်ရန် ကြံစည်သောကြောင့် သူတို့သည်မြို့မှ အလျင်အမြန်ထွက်ခွာခဲ့သဖြင့် အသင်းတော်ကို ခိုင်မြဲစွာမတည်ဆောက်နိုင်ခဲ့ပါ။

ပေါလု၏ပထမသာသနာပြုခရီးစဉ်တွင် နောက်ထပ်ရပ်နားသည့်အရပ်မှာ လုတ္တရမြို့ဖြစ်ပြီး၊ ထိုမြို့၌ပေါလုသည် အခြားအသင်းတော်တစ်ခုကို စတင်နိုင်ခဲ့သည်။ လုတ္တရမြို့၌ အမိဝမ်းတွင်းကပင် ခြေမစွမ်းသောသူကို ပေါလုကုသပေးခဲ့သည်။ ဤအံ့ဖွယ်အမှုကို မြို့သူမြို့သားတို့သည် မြင်သောအခါ၊ ပေါလုအား ဟေရမနတ်ဘုရားနှင့် ဗာနဗအားဇုသဟု အထင်မှားကြသည်။ ထိုသူတို့သည် ခရစ်ယာန်သာသနာပြုများကို ပူဇော်ပသရန် ကြိုးပမ်းကြသော်လည်း၊ ပေါလုနှင့် ဗာနဗမှ သူတို့သည် လူများသာဖြစ်ကြောင်း ရှင်းပြခဲ့သည်။ ယင်းနောက်မကြာမီ၊ မယုံကြည်သူယုဒလူအချို့သည် ဣကောနိမြို့မှ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရောက်ရှိလာပြီး၊ စိတ်ပျက်နေသောလုတ္တရမြို့သားများအား ပေါလုနှင့်ဗာနဗအားဆန့်ကျင်ရန် လှည့်ဖြား နိုင်ခဲ့သည်။ သို့သော် ဘုရားသခင်သည် သူတို့၏အသက်ကိုကယ်တင်ခဲ့ပြီး၊ သူတို့သည် နောက်တဖန် ပြောင်းရွှေ့ခဲ့ကြပြန်သည်။

ပေါလုနှင့် ဗာနဗတို့သည် ခရစ်တော်ကို လူများစွာ ယုံကြည်ကိုးစားရာနေရာဖြစ်သည့် ဂလာတိ ပြည်အရှေ့ဘက်ရှိ ဒေရဗေမြို့အထိ ခရီးထွက်ခဲ့ကြသည်။ ဒေရဗေမြို့တွင်၊ ပေါလုသည် အကြီးအကဲများ ကိုခန့်အပ်ခြင်းဖြင့် နောက်ဆုံးတွင် အသင်းတော်ကို စည်းရုံးရန် အချိန်ရခဲ့သည်။ သို့သော် ပေါလုသည် လုတ္တရမြို့၊ ဣကောနိမြို့နှင့် ပိသိဒိပြည်အန္တိအုတ်မြို့၌ရှိသော ခရစ်ယာန်များအတွက် အလွန်စိုးရိမ်နေဆဲ ဖြစ်သည်။ ထို့ကြောင့် ပေါလုနှင့် ဗာနဗတို့သည် သူတို့၏အသက်အန္တရာယ်ကြီးမားစွာရှိသည့် ထိုမြို့ အသီးသီးသို့ ပြန်လာခဲ့ကြသည်။ မြို့တိုင်းတွင်၊ သူတို့သည် တည်ထောင်ခါစအသင်းတော်များကို ခိုင်ခံ့ မြဲမြံစေခဲ့သည်။ ပေါလုနှင့် ဗာနဗတို့ တွေ့ကြုံခဲ့ရသော ဆင်းရဲဒုက္ခများသည် ဘုရားသခင်၏နိုင်ငံတော် တိုးတက်မြင့်မားလာသည်နှင့်အမျှ ခရစ်ယာန်များအားလုံးခံနိုင်ရည်ရှိရန် မျှော်လင့်သင့်သည့် ဆင်းရဲဒုက္ခ အမျိုးအစားများဖြစ်ကြောင်းလည်း သူတို့ရှင်းပြခဲ့သည်။ သာသနာပြုများသည် ပိသိဒိပြည်အန္တိအုတ်မြို့မှ ပေရဂေမြို့နှင့် အတ္တလိမြို့များတွင် တရားဟောခြင်းဖြင့် ကမ်းရိုးတန်းသို့ ပြန်ခဲ့ကြသည်။ အတ္တလိမြို့မှ ရှုရိပြည်အန္တိအုတ်မြို့သို့ ရွက်လွှင့်ခဲ့ကြသည်။

ယခု၊ ဂလာတိဩဝါဒစာတွင် ပေါလုသည် ဂလာတိပြည်၌ရှိခဲ့သည့် သူ၏အချိန်ကို ရည်ညွှန်းခဲ့ သည်။ ထို့ကြောင့် သူသည်ဤဩဝါဒစာကို သူ၏ပထမသာသနာပြုခရီးစဉ်ပြီးနောက်၊ တစ်ချိန်ချိန်တွင် ရေးခဲ့သည်ကို ကျွန်ုပ်တို့သိသည်။ သို့သော် ဂလာတိဩဝါဒစာသည် တမန်တော် ၁၅ တွင်မှတ်တမ်းတင် ထားသည့် ထင်ရှားသော တမန်တော်များ၏ ယေရုရှလင်မြို့အစည်းအဝေးကို မဖော်ပြထားကြောင်း သတိပြုရန် အရေးကြီးသည်။ ယေရုရှလင်မြို့အစည်းအဝေးသည် အထူးသဖြင့် တစ်ပါးအမျိုးသားခရစ် ယာန်များသည် အရေဖျားလှီးခြင်းကိုခံသင့်၊ မသင့်နှင့်ပတ်သက်၍ ဂလာတိဩဝါဒစာကဲ့သို့ ပြဿနာ အချို့ကိုဖော်ပြသည်။ ပေါလုသည် ဂလာတိလူများကို ရေးသားသည့်အချိန်၌ စည်းဝေးပွဲသည် ကျင်းပပြီး ခဲ့ပါက၊ သူ၏အမြင်များကို ထောက်ခံရန် ဤစည်းဝေးကြီးသို့ မေတ္တာရပ်ခံခဲ့မည်မှာ သေချာပါသည်။ သို့သော် သူမလုပ်ခဲ့ပါ။ ထို့ကြောင့်၊ ဂလာတိပြည်မှထွက်ခွာပြီး တစ်နှစ်အတွင်း၊ ယေရုရှလင်ကောင်စီ မကျင်းပမီ၊ အေဒီ ၄၈ ဝန်းကျင်တွင် ဂလာတိဩဝါဒစာကို သူရေးခဲ့ပုံရသည်။

> တမန်တော် ၁၅ တွင်၊ ပေါလုနှင့်ဗာနဗတို့သည် သာသနာပြုရာဒေသမှ ပြန်လာသည်ကို ကျွန်ုပ်တို့တွေ့ရှိရပြီး၊ သာသနာတွင်ဖြစ်ပျက်သည့်အရာများကို ရှင်းပြရန် သူတို့သည်လာရောက်ခြင်းဖြစ်သည်။ အမှန်တကယ်တွင်၊ ခရစ်တော် ထံသို့ တစ်ပါးအမျိုးသားများစွာ ရောက်ရှိလာသောကြောင့် လူတို့သည် စိတ်လှုပ်ရှားခဲ့ကြသည်။ သို့သော်လည်း၊ “ဤတစ်ပါးအမျိုးသားများ ခရစ်ယာန် များဖြစ်လာခြင်းသည် လွယ်လွန်းသည်... ၎င်းတို့သည် အရေဖျားလှီးခြင်းကိုခံရန် လိုအပ်သည်။”ဟုပြောကြသူများရှိသည်။ သို့သော် ပေါလုနှင့် သူ၏အပေါင်း အသင်းတို့သည် “ထိုသို့မဟုတ်” “တစ်ပါးအမျိုးသားခရစ်ယာန်များကို



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ကျွန်ုပ်တို့သည် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသင့်" ဟု ပေါလုသည်မြေပြင်တွင်ရပ်ကာ ရှင်းပြသည်။ထို့ကြောင့်၊ ယေရုရှလင်ကောင်စီသည် ယာကုပ်နှင့်ပေတရုတို့၏ ဦးဆောင်မှုအောက်တွင်တွေ့ဆုံခဲ့ပြီး၊ အရေဖျားလှီးခြင်း သို့မဟုတ် ခြေဆေးခြင်း ဆိုင်ရာ ထုံးတမ်းဥပဒေများဖြင့် တစ်ပါးအမျိုးသားများကို ဝန်ထုပ်ဝန်ပိုးပေးရန် မလိုအပ်ကြောင်း သဘောတူခဲ့ကြသော်လည်း၊ သူတို့သည် လိင်အကျင့်ယိုယွင်းမှု နှင့် ရုပ်တုတို့အား ပူဇော်သည့်အရာများကို ဝေးဝေးရှောင်ရန် လိုအပ်သည်။
>
> **— Prof. Mumo Kisau**

ကျွန်ုပ်တို့သည် ဂလာတိဩဝါဒစာ၏နောက်ခံသမိုင်းနှင့် ပေါလု၏ပထမသာသနာပြုခရီးစဉ်ကို သုံးသပ်ပြီးနောက်၊ ယခုပေါလုနှင့်ပတ်သက်သော ဂလာတိပြည်ရှိ သီးခြားပြဿနာများကို ကျွန်ုပ်တို့ ကြည့်သင့်သည်။ ဂလာတိအသင်းတော်များ၏ အခြေအနေများသည် အဘယ်သို့နည်း။ သူတို့ထံစာရေး ရန် ပေါလုအားတွန်းအားပေးခဲ့သော ထိုအသင်းတော်များ၌ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။

# ပြဿနာများ

ဂလာတိအသင်းတော်များကို ထိခိုက်စေသည့် အဓိကပြဿနာနှစ်ခုကို ကျွန်ုပ်တို့ လေ့လာပါမည်_ ဤအသင်းတော်များအတွင်းသို့ တစ်ပါးအမျိုးသားများ ဝင်ရောက်လာမှုနှင့် မိစ္ဆာဆရာများ တိုးပွားလာ ခြင်းတို့ဖြစ်သည်။ ဂလာတိအသင်းတော်များထဲသို့ တစ်ပါးအမျိုးသားခရစ်ယာန်များ စုပြုံလာပုံကို ဦးစွာ ကြည့်ကြပါစို့။

## တစ်ပါးအမျိုးသားများဝင်ရောက်လာခြင်း

ဓမ္မဟောင်းပရောဖက်များသည် ဘုရားသခင်၏နိုင်ငံတော်ကို ကမ္ဘာမြေအနှံ့ မေရှိယသည်ပျံ့နှံ့စေ မည့်အနာဂတ်အကြောင်း မကြာခဏပြောလေ့ရှိသည်။ မေရှိယကို ဆန့်ကျင်သော ယုဒလူမျိုးများနှင့် တစ်ပါးအမျိုးသားများသည် ဖျက်ဆီးခံရမည့်အကြောင်းကို ဤပရောဖက်များက ရှင်းပြထားသည်။ သို့သော် ယုဒလူမျိုးများနှင့် တစ်ပါးအမျိုးသားနှစ်ဦးစလုံးသည် နောင်တရကာ၊ ဘုရားသခင်ထံမှ ကရုဏာတော်ကို ရရှိကြမည်ဟုလည်း ဖော်ပြခဲ့ကြသည်။ ပေါလုကို အံ့အားသင့်စေသည့်အရာမှာ၊ ဂလာတိပြည်ရှိယုဒလူမျိုးအများစုသည် ခရစ်တော်၌နိုင်ငံတော်နှင့်ဆိုင်သော ဧဝံဂေလိတရား ဟောပြော ခြင်းကို ငြင်းပယ်ခြင်းဖြစ်သည်။ ထို့ကြောင့် ပေါလုသည် တစ်ပါးအမျိုးသားများထံရောက်ရှိရန် သူ၏ အမှုတော်ကိုအာရုံစိုက်ခဲ့သည်။ သူ၏ပထမသာသနာပြုခရီးစဉ်တွင်၊ သူသည် တစ်ပါးအမျိုးသားများစွာ ကို ခရစ်တော်ထံသို့ပို့ဆောင်ခဲ့သည်။ တမန်တော် ၁၃:၄၆-၄၇ တွင်မှတ်တမ်းတင်ထားသည့် ပိသိဒိပြည် အန္တိအုတ်မြို့ရှိ ယုဒလူမျိုးတို့ထံရေးသော ပေါလု၏နှုတ်ကပတ်တော်ကို နားထောင်ပါ_



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ထိုအခါပေါလုနှင့်ဗာနဗတို့က၊ ဘုရားသခင်၏နှုတ်ကပတ် တရားတော်ကို သင်တို့အား ရှေ့ဦးစွာ ဟောပြောရသည်။ သို့သော်လည်း သင်တို့သည်ပယ်၍ ထာဝရအသက်ကိုမိမိတို့ မခံထိုက်သည်ဟု မိမိတို့စီရင်ကြသောကြောင့်၊ ထာဝရဘုရားသည် မှာတော်မူသည်အတိုင်း ငါတို့သည်မျက်နှာကိုလွှဲ၍ တစ်ပါးအမျိုးသားတို့ဆီသို့ လှည့်ကြ၏။ မှာတော်မူသော ဗျာဒိတ်တော် အချက်ကား၊ သင်သည် မြေကြီးစွန်းတိုင်အောင် ကယ်တင်ခြင်းကို ပြုစိမ့်သောငှါ၊ သင့်ကိုတပါးအမျိုးသားလင်းစရာဘို့ ငါခန့်ထား၏ဟု ဗျာဒိတ်တော်ရှိသည်ဟု ရဲရင့်စွာပြောဆိုကြ၏ (တမန်တော် ၁၃း၄၆-၄၇)။

ဤကျမ်းပိုဒ်သည် ပေါလု၏အမှုတော်တွင် အဓိကပြောင်းလဲမှုတစ်ခုကို ဖော်ပြသည်။ မေရှိယ၏ ခေတ်ကာလ၌ နောင်တရခြင်းသည် ဣသရေလလူမျိုး၌ စတင်ရမည်ဟု ဓမ္မဟောင်းကျမ်းအားဖြင့် သူ သိရှိခဲ့သည်။ သို့သော် ယုဒလူမျိုးများ၏ ဧဝံဂေလိတရားအပေါ် အဆိုးမြင်တုံ့ပြန်မှုများသည် ပေါလုအား တစ်ပါးအမျိုးသားများထံရောက်ရှိရန် ဘုရားသခင်၏ခေါ်တော်မူခြင်းဖြစ်ကြောင်း ယုံကြည်စေခဲ့သည်။ ထို့ပြင် ၎င်းကိုအောင်မြင်မှုများစွာဖြင့် သူသည်ပြုလုပ်နိုင်ခဲ့သည် ။ တမန်တော် ၁၄:၁ တွင် ဣကောနိမြို့ တွင် ပေါလု၏အမှုတော်နှင့်ပတ်သက်၍ လုကာ၏အကျဉ်းချုပ်ဖော်ပြပုံကို နားထောင်ပါ_

> ဣကောနိမြို့သို့ရောက်လျှင် ထိုသူနှစ်ယောက်တို့သည် ယုဒတရားစရပ်သို့ဝင်၍ ဟောပြောသဖြင့်၊ ယုဒလူ၊ ဟေလသလူများ အပေါင်းတို့သည် ယုံကြည်ခြင်းသို့ ရောက်ကြ၏။ (တမန်တော် ၁၄:၁)။

ခရစ်တော်ကို ယုံကြည်လာသူ ယုဒလူမျိုးများသာ မဟုတ်ပါ။ "ယုဒလူနှင့် ဟေလသလူများ" — သို့မဟုတ် တစ်ပါးအမျိုးသားများ— ယေရှုကို ယုံကြည်ခဲ့ကြသည်။ အလားတူ တမန်တော် ၁၄:၂၇ တွင်၊ ပေါလုသည် သူ၏ပထမသာသနာပြုခရီးစဉ်အား အကျဉ်းချုပ်ဖော်ပြခဲ့ပုံကို လုကာဤသို့ဆိုသည်_

> ဘုရားသခင်သည်...ယုံကြည်ခြင်း တံခါးကို တပါးအမျိုးသားတို့အား ဖွင့်တော်မူကြောင်းကိုင်း (တမန်တော် ၁၄:၂၇)။

ကနဦးဂလာတိအသင်းတော်များတွင် တစ်ပါးအမျိုးသားများ ဝင်ရောက်လာမှုနှင့်ပတ်သက်သည့် ပြဿနာများကို သုံးသပ်ပြီးနောက်၊ ယခုကျွန်ုပ်တို့သည် ဤအသင်းတော်များတွင် မိစ္ဆာဆရာများ ပေါ်ပေါက်လာခြင်းကို ကြည့်ရှုသင့်ပါသည်။

## မိစ္ဆာဆရာများ

ကျွန်ုပ်တို့၏မျက်မှောက်ခေတ်ရှုထောင့်မှကြည့်လျှင်၊ ဂလာတိအသင်းတော်များထဲသို့ တစ်ပါး အမျိုးသားများကို ခေါ်သွင်းခြင်းဖြင့် ယေရှုသည် ကမ္ဘာမြေကြီးပေါ်တွင် ဘုရားသခင်၏အုပ်စိုးမှုကို တိုးချဲ့ ခဲ့သည်ကိုမြင်လျှင် လူတို့သည်ဝမ်းမြောက်ကြမည်ဟု ထင်ကောင်းထင်နိုင်သည်။ သို့သော် တစ်ပါးအမျိုး



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သားများ ဝင်ရောက်လာခြင်းသည် ကနဦးခရစ်ယာန်များအတွက် ကြီးမားသောပြဿနာများဖြစ်စေခဲ့ သည်။ ထိုပြဿနာများသည် ယုဒလူမျိုးမိစ္ဆာဆရာများ ပေါ်ပေါက်လာရန် လှုံ့ဆော်ပေးခဲ့သည်။

ခရစ်တော်မတိုင်မီနှင့် နောက်ပိုင်းတွင် ယုဒဘာသာသို့ပြောင်းလဲလာသော အမျိုးသားအားလုံးကို နှစ်ခြင်းခံရန်နှင့် အရေဖျားလှီးခြင်းကိုခံယူရန် ယုဒဘာသာရေးဆရာများက တောင်းဆိုခဲ့ကြသည်ကို သိရန်အရေးကြီးသည်။ အရေဖျားလှီးခြင်းသည် ပြောင်းလဲလာသူတစ်ပါးအမျိုးသားများအနေဖြင့် တင်းကြပ်စွာ ဥပုသ်စောင့်ခြင်း၊ တိရစ္ဆာန်အသွေးကိုရှောင်ကြဉ်ခြင်းနှင့် ရုပ်တုအားပူဇော်သောအစာများ ကို ငြင်းပယ်ခြင်းကဲ့သို့သော ယုဒလူမျိုးတို့၏ဓလေ့များကို လိုက်နာရန်ကတိကဝတ်ပြုသည့် လက္ခဏာ တစ်ရပ်ဖြစ်သည်။ ထို့ကြောင့်၊ တစ်ပါးအမျိုးသားခရစ်ယာန်များသည် နှစ်ခြင်းခံပြီး အရေဖျားလှီးခြင်းကို ခံယူရန် မျှော်လင့်ခြင်းသည် ပထမရာစုရှိ ယုဒလူမျိုးခရစ်ယာန်များအတွက်သာ သင့်လျော်ပါသည်။ သို့သော် သူ၏ပထမသာသနာပြုခရီးစဉ်တွင် ပေါလုသည် တစ်ပါးအမျိုးသားများကိုသာ နှစ်ခြင်းပေးခဲ့ သည်။ သူတို့ကို အရေဖျားလှီးခြင်းကို သူမပေးခဲ့ပါ။

ရှင်ပေါလုသည် အရေဖျားလှီးခြင်းကို ဆန့်ကျင်ခြင်းမရှိပါ။ ကမ္ဘာဦးကျမ်း ၁၇ တွင် ဣသရေလ အမျိုးသားအားလုံးသည် အရေဖျားလှီးရန်လိုအပ်ကြောင်းနှင့် ထွက်မြောက်ရာကျမ်း ၁၂ တွင် ဣသရေလ ပြည်၌နေထိုင်သော တစ်ပါးအမျိုးသားကျွန်များနှင့် ဧည့်သည်များသည် ပသခါပွဲမခံယူမီ အရေဖျားလှီး ခြင်းခံယူရန် လိုအပ်ကြောင်း တောင်းဆိုသည်ကိုသူသိခဲ့သည်။ သို့သော် ပြောင်းလဲလာသူတစ်ပါးအမျိုး သားများအားလုံးအရေဖျားလှီးရန် လိုအပ်ကြောင်းဆိုသည့် ယုဒရိုးရာဓလေ့သည် ဤဓမ္မဟောင်း သွန်သင်ချက်ထက် ကျော်လွန်သွားကြောင်း နားလည်ရန်အရေးကြီးသည်။ ထို့ထက်မက၊ မေရှိယသည် နောက်ဆုံးသောကာလကို ယူဆောင်လာပြီး၊ ဘုရားသခင်၏နိုင်ငံတော်ကိုတစ်ပါးအမျိုးသားတို့ထံ ပြန့်နှံ့စေသည်နှင့် တစ်ပါးအမျိုးသားများ အရေဖျားလှီးသင့်မသင့်နှင့်ပတ်သက်၍ ဓမ္မဟောင်းကျမ်းတွင် အတိအလင်း သွန်သင်ထားခြင်းမရှိပါ။

ပေါလု၏ပထမသာသနာပြုခရီးစဉ်မတိုင်မီ၊ ခရစ်ယာန်အသင်းတော်တွင် ယုဒလူမျိုးအများစုဖြစ် သည်။ ကနဦးအသင်းတော်သည် ယေရုရှလင်တွင်စတင်ခဲ့ပြီး၊ ယုဒလူမျိုးတို့၏အမှတ်အသားကို အခိုင်အမာဆုပ်ကိုင်ထားသည်။ အကျိုးဆက်အနေဖြင့်၊ တစ်ပါးအမျိုးသားများ ဝင်လာခြင်းကြောင့် ဓမ္မပညာဆိုင်ရာနှင့် လက်တွေ့ကျသော ပြဿနာအမျိုးမျိုးကို ဖြစ်စေခဲ့သည်။ တစ်ပါးအမျိုးသား ယုံကြည်သူများသည် မောရှေ၏ပညတ်ကို ယုဒထုံးတမ်းစဉ်လာများအတိုင်း လိုက်နာကျင့်သုံးသင့် သလော။ ဂလာတိပြည်ရှိ မိစ္ဆာဆရာများက လိုက်နာကျင့်သုံးသင့်သည်ဟု ယုံကြည်ကြသည်။ ထိုအကြောင်းကြောင့်၊ တစ်ပါးအမျိုးသားတို့သည် ဖြောင့်မတ်ခြင်းသို့ရောက်ရန် သို့မဟုတ် ဘုရားသခင် ရှေ့တော်၌ ဖြောင့်မတ်ကြောင်းကြေညာရန် အရေဖျားလှီးမင်္ဂလာခံယူရန် သူတို့သည် အခိုင်အမာပြောဆို ခဲ့ကြသည်။ သို့သော် ပေါလုသည် ဤအမြင်ကို ပြင်းထန်စွာကန့်ကွက်ခဲ့သည်။

တစ်ပါးအမျိုးသားခရစ်ယာန်များအတွက် အရေဖျားလှီးခြင်းကိုလိုအပ်ခြင်းသည် ခရစ်ယာန် ယုံကြည်ခြင်း၏ သိသာထင်ရှားသော နားလည်မှုလွဲမှားမှုများကို ထင်ဟပ်စေသည်ဟု ပေါလုယုံကြည်ခဲ့ သည့် အဓိကနည်းလမ်းသုံးခုကို ကျွန်ုပ်တို့ဖော်ပြပါမည်။ ဦးစွာ၊ အရေဖျားလှီးခြင်းကို လိုအပ်ခြင်းဆို



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သည်မှာ ခရစ်တော်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသည် ကယ်တင်ခြင်းအတွက် မလုံလောက်ဟုဆိုလိုခြင်းဖြစ်သည်။

**ခရစ်တော်၏မလုံလောက်မှု။** ဖြောင့်မတ်ခြင်း သို့မဟုတ် ဘုရားသခင်ရှေ့တွင် မှန်ကန်စွာရပ်တည်ခြင်းသည် ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်သာရရှိခြင်းဖြစ်သည်ဟု ပေါလုအခိုင်အမာဆိုခဲ့သည်။ သို့သော်ဂလာတိဩဝါဒစာအရ၊ ယုံကြည်သူများအား ဘုရားသခင်နှစ်သက်စေရန်အတွက် အရေဖျားလှီးခြင်းသည် လိုအပ်သောသွေးပူဇော်သက္ကာဖြစ်သည်ဟု ဂလာတိမိစ္ဆာဆရာများကရှုမြင်ကြောင်းကောက်ချက်ချနိုင်သည်။ ဤအကြောင်းကြောင့်၊ ခရစ်ယာန်များသည် ခရစ်တော်၏ကယ်တင်ခြင်းလုပ်ငန်းတွင် အရေဖျားလှီးခြင်းကို ပေါင်းထည့်ရမည်ဟု သူတို့သွန်သင်ခဲ့ကြသည်။ သို့သော်ပေါလု၏ရှုထောင့်မှကြည့်လျှင်၊ ဤယုံကြည်ချက်သည် ခရစ်တော်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၌ ယုံကြည်ခြင်း၏အနှိုင်းမဲ့တန်ဖိုးကို ငြင်းဆိုခြင်းအား ကိုယ်စားပြုသည်။

> ခရစ်တော်၏အမှုတော်သည် လုံလောက်သည်ဟု ဂလာတိဩဝါဒစာတွင် ပေါလုဖော်ပြထားသည်။ ယင်းသည် အဓိကအချက်ဖြစ်သည်—ခရစ်တော်၏လုပ်ဆောင်ချက်သည် လုံလောက်သည်။ ထို့ကြောင့်၊ သင်သည် အခြားလူ့လုပ်ဆောင်ချက်များဖြစ်သည့် ဗတ္တိဇံ၊ အရေဖျားလှီးခြင်း သို့မဟုတ် အခြားနာခံမှုပုံစံအချို့ကို ထပ်မံဖြည့်စွက်ပြီး၊ ၎င်းကို ကောင်းကင်ဘုံ၌ရှိတော်မူသောကျွန်ုပ်တို့၏ခမည်းတော်ဘုရားသခင်၏သားသမီးဖြစ်ရန်နှင့် ဆက်ဆံခြင်း၌၊ ကျွန်ုပ်တို့မျှော်လင့်ထားသည့်အရာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ယူဆောင်လာသောအခါ၊ သတင်းစကားကို လွဲမှားစေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အရေးကြီးသောပြဿနာမှာ၊ ကျွန်ုပ်ပြုသောအမှုအားဖြင့် ကျွန်ုပ်ကယ်တင်ခြင်းသို့ရောက်သလော သို့မဟုတ် ခရစ်တော်ပြုတော်မူသောအရာအားဖြင့် ကယ်တင်ခြင်းသို့ရောက်သလောဟူ၍ ဖြစ်သည်။ ထို့ကြောင့်၊ ၎င်းကိုပေါလုသည် မှန်ကန်စွာ နားလည်သဘောပေါက်ပြီး၊ သင့်အနေဖြင့် ဤအချက်ကိုလွဲချော်ပါက လုံးဝလွဲချော်ပြီဖြစ်ကြောင်း အကြံပြုထားသည်။
>
> **— Rev. Dan Hendley**

ထို့ကြောင့် ပေါလုသည် ဂလာတိ ၅:၂ တွင် ဤသို့ရေးသားခဲ့သည်_

> ငါပေါလုဆိုသည်ကား၊ သင်တို့သည် အရေဖျားလှီးခြင်းကိုခံလျှင်၊ ခရစ်တော်အားဖြင့် အဘယ်အကျိုး ကိုမျှမရနိုင်ကြ (ဂလာတိ ၅:၂)။

**လူ့ဇာတိအပေါ် မှီခိုအားထားခြင်း။** ရှင်ပေါလုသည် ဂလာတိမြို့ရှိမိစ္ဆာဆရာများကို ခရစ်တော်၏ကယ်တင်ခြင်းအမှုတော်၏လုံလောက်မှုကိုငြင်းပယ်ကြသည့်ဟု စွပ်စွဲရုံသာမက၊ ယုံကြည်သူများသည် မိမိတို့၏ကယ်တင်ခြင်းအတွက် သန့်ရှင်းသောဝိညာဉ်တော်၏အမှုတော်ကို အားကိုးခြင်းထက်

ဇာတိကိုအားကိုးရမည်ဟူသော သူတို့၏သွန်သင်ချက်ကိုလည်း ငြင်းဆိုခဲ့သည်။ ပေါလုသည် ဤပြဿနာကို ဂလာတိ ၃:၃ တွင် အတိအလင်းဖော်ပြထားပြီး၊ ဤသို့ ထေ့ငေါ့စွာမေးခွန်းများကို မေးခဲ့သည်_

> ဤမျှလောက် ပညာမဲ့ကြသလော။ ဝိညာဉ်တော်ကို အမှီပြု၍လုပ်စရှိပြီးမှ ဇာတိကိုအမှီပြု၍ ပြီးစေကြသလော။ (ဂလာတိ ၃:၃)။

"ဇာတိ" ဟုပြန်ဆိုထားသော ဂရိဝေါဟာရမှာ *sarx* (σάρξ) ဖြစ်သည်။ ပေါလုသည် ပုံမှန်အားဖြင့် "ဇာတိ"—သို့မဟုတ် *sarx*—ဟူသော ဝေါဟာရကို လူ့အစွမ်းခွန်အားနှင့် လူသား၏အပြစ်ရှိသော နည်းလမ်းများဟူ၍ မကြာခဏရည်ညွှန်းအသုံးပြုသည်။ ထို့ကြောင့် ဤနေရာတွင် "အပြစ်ရှိသော လူသား၏အားထုတ်မှု" ဟု မှန်ကန်စွာ အနက်ပြန်နိုင်ပါသည်။

> ထို့ကြောင့်၊ ပေါလုသည် ဇာတိနှင့် ဝိညာဉ်အကြား ခြားနားမှုကိုပြုလုပ်ခဲ့သည်။ ဂရိစကားလုံး *sarx* သည် "ဇာတိ" ဟူသော စကားလုံးဖြစ်ပြီး၊ အချို့သော အကြောင်းအရာများတွင် ၎င်းသည် လူ့ခန္ဓာကိုယ်ကို ဆိုလိုသည်။ သို့သော် ပုံမှန်အားဖြင့် ၎င်းသည် ကျရှုံးသောလူသား၏သဘာဝအကြောင်းနှင့် ဘုရားသခင်ကိုအစေခံခြင်းမှ မိမိတို့ကိုယ်ကိုအစေခံခြင်းသို့ ပို့ဆောင်ခြင်းသည် ကျွန်ုပ်တို့၏သဘာဝဗီဇအရဖြစ်ကြောင်း ဖော်ပြသည်။ ဇာတိပကတိဖြစ်ခြင်း ဟူသည် ကျွန်ုပ်တို့၏အပြစ်ပြုလိုသည့်အလိုဆန္ဒများနှင့် အပြစ်သဘောသဘာဝကို ကျေနပ်စွာ ခံယူခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့ယုံကြည်သူဖြစ်လာသောအခါ၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့တွင်ကိန်းဝပ်ပြီး၊ သူ၏အလုပ်မှာ ကျွန်ုပ်တို့အား ယေရှုနှင့်ပို၍တူစေရန်ဖြစ်သည်။
>
> **— Rev. Dr. Simon Vibert**

တမန်တော် ၂ တွင် လုကာ၏မှတ်တမ်းက ရှင်းလင်းစွာဖော်ပြသကဲ့သို့၊ နောက်ဆုံးသောကာလတွင် သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းသည်—ဓမ္မဟောင်း ပရောဖက်များ ဟောကြားခဲ့သည်—ပင်တေကုတ္တေပွဲနေ့တွင် ပြည့်စုံလာခဲ့သည်။ ထို့ကြောင့်၊ ပေါလုသည် ဂလာတိပြည်၌ ဦးစွာ အမှုတော်ထမ်းဆောင်သောအခါ၊ ဝိညာဉ်တော်၏တန်ခိုးတော်ကို ထူးခြားစွာပြသခြင်းဖြင့် သူသည် ဟောပြောခဲ့သည်။ ဂလာတိလူများသည် ဝိညာဉ်တော်တန်ခိုးဖြင့် ၎င်းတို့၏ခရစ်ယာန်အသက်တာကို စတင်ခဲ့ကြသည်။ သို့သော် အရေဖျားလှီးခြင်းကိုကျင့်သုံးခြင်းဖြင့် သူတို့သည် ဘုရားသခင်၏ဝိညာဉ်တော် ဆုကျေးဇူးကို စွန့်လွှတ်ခဲ့ကြပြီး၊ ဘုရားသခင်နှစ်သက်စေရန် လူသားတို့၏အစွမ်းအစကို အားကိုးလာကြသည်။ ဝမ်းနည်းစရာမှာ၊ လူသားတို့၏ အစွမ်းအစအပေါ် မှီခိုအားထားမှုသည် အမှန်တကယ်ပင် ၎င်းတို့အား မသန့်စွမ်းမှုနှင့် ကျရှုံးမှုတို့ကို သက်ရောက်စေသည်။

**အသင်းတော်အတွင်း ကွဲပြားမှုများ။** ခရစ်တော်၏လုပ်ဆောင်မှု၏ လုံလောက်မှုကို ငြင်းပယ်ပြီး သန့်ရှင်းသောဝိညာဉ်တော်ကိုမှီခိုအားထားမည့်အစား ဇာတိကို မှီခိုအားထားသည့်အပြင်၊ မိစ္ဆာဆရာ

များသည် အသင်းတော်အတွင်း ကွဲပြားမှုများကို ဖန်တီးခဲ့ကြသောကြောင့် ပေါလုကို အလွန်စိတ်ပူပန်စေခဲ့သည်။ ဂလာတိ ၆:၁၅-၁၆ တွင် ပေါလုရေးခဲ့သည်ကို နားထောင်ပါ_

> အကြောင်းမူကား၊ ယေရှုခရစ်ထံ၌ အရေဖျားလှီးခြင်းအကျိုးမရှိ။ မခံဘဲနေခြင်းလည်း အကျိုးမရှိ။ သတ္တဝါသစ်ဖြစ်ခြင်းသာ အကျိုးရှိ၏။ ဤနည်းဥပဒေသအတိုင်းကျင့်သော သူရှိသမျှတို့အပေါ်၌၎င်း၊ ဘုရားသခင်၏ဣသရေလအမျိုးအပေါ်၌၎င်း၊ ငြိမ်သက်ခြင်းနှင့်သနားတော်မူခြင်း သက်ရောက်ပါစေသော (ဂလာတိ ၆း၁၅-၁၆)။

မျက်မှောက်ခေတ်ခရစ်ယာန်များသည် ခရစ်ယာန်အသင်းတော်တွင် ကွဲပြားခြင်း အလွန်အဖြစ်များသောကြောင့် ၎င်းတို့ကို ရှောင်လွှဲ၍မရသောအရာအဖြစ် လက်ခံပါသည်။ သို့သော် ပေါလုတွင် ထိုအရာတစ်ခုမှ ရှိမည်မဟုတ်ပါ။ ဂလာတိပြည်ရှိ မိစ္ဆာဆရာများသည် အရေဖျားလှီးခြင်းကိုခံသောသူနှင့် မခံရသောသူများကြားတွင် ကွဲပြားမှုကို ဖန်တီးကြပြီး၊ ၎င်းကို တမန်တော်သည် လုံးဝလက်မခံပါ။ ပေါလုကၡင်းသည် "သတ္တဝါသစ်" ဖြစ်သည်ဟု အခိုင်အမာဆိုခဲ့သည်။ ဟေရှာယ ၆၅:၁၇ နှင့် ၆၆:၂၂ ကဲ့သို့သော ဓမ္မဟောင်းပရောဖက်ပြုချက်များသည် ကောင်းကင်သစ်နှင့် မြေကြီးသစ်—မေရှိယ ယူဆောင်လာမည့် ဖန်ဆင်းခြင်းအားလုံး၏ အသစ်ပြန်လည်ဆန်းသစ်ခြင်းအကြောင်း ဟောပြောခဲ့သည်။ အမှန်တကယ်အားဖြင့်၊ ခရစ်ယာန်သတင်းကောင်း သို့မဟုတ် ဧဝံဂေလိတရားသည် ဖန်ဆင်းခြင်းအသစ်ကို ယေရှုအစပြုခဲ့ကြောင်း ဟောပြောချက်ဖြစ်သည်။

ဤအကြောင်းကြောင့်၊ ခရစ်တော်၌ အသစ်သောဖန်ဆင်းခြင်း၏တစ်စိတ်တစ်ပိုင်းအဖြစ်ပါဝင်ခြင်းရှိ၊ မရှိသည် လူတို့အကြား ကြီးမားသောကွဲပြားမှုဖြစ်ကြောင်း ပေါလုအခိုင်အမာဆိုခဲ့သည်။ ထို့ကြောင့် ပေါလုသည် အသင်းတော်အတွင်း စိတ်ဝမ်းကွဲပြားမှု မရှိသင့်ဟု ဟောပြောခဲ့သည်။ ဂလာတိ ၃:၂၈ တွင်ဖော်ပြထားသည်မှာ_"ယေရှုခရစ်၌ယုဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ။ လူလွတ်မရှိ၊ ယောက်ျားမရှိ၊ မိန်းမမရှိ၊ ထိုသခင်၌ သင်တို့အပေါင်းသည် တလုံးတဝတည်းဖြစ်ကြ၏။" ခရစ်တော်၌ ယုဒလူနှင့် ဟေလသလူများကြားတွင်ရှိသော ကွဲပြားမှုဟောင်းများကို ဖယ်ရှားခဲ့ပြီဖြစ်သည်။ ထို့ကြောင့်၊ ဂလာတိအသင်းတော်များရှိ ဤအုပ်စုနှစ်ခုကြား သဘောထားကွဲလွဲမှုသည် ပေါလုကို အလွန်စိတ်ပူပန်စေခဲ့သည်။ ဖန်ဆင်းခြင်းအသစ်မတိုင်မီကာလ၏ကွဲပြားမှုများအပေါ်အခြေခံ၍ ဘုရားသခင်၏လူများကြားတွင် ခိုက်ရန်ဖြစ်ပွားခြင်းနှင့် သဘောထားကွဲလွဲမှုများသည် ခရစ်တော်လုပ်ဆောင်ခဲ့မှုနှင့် အသင်းတော်အနေဖြင့် ကြိုးပမ်းရမည့်စံနမူနာများနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်သည်။

ဂလာတိဩဝါဒစာ၏နောက်ခံသမိုင်း၏အရေးကြီးသောရှုထောင့်များကို မိတ်ဆက်ပေးပြီး နောက်၊ ယခုဩဝါဒစာ၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာတွင် ဤပြဿနာများမည်သို့ဖြစ်ပေါ်လာသည်ကို ပိုမိုနီးကပ်စွာကြည့်ရှုရန် အသင့်ဖြစ်နေပါပြီဖြစ်သည်။ ဂလာတိဩဝါဒစာအကြောင်းအရာ၏အဓိက ကဏ္ဍတစ်ခုစီကို အကျဉ်းချုပ်ဖော်ပြခြင်းအားဖြင့် လေ့လာပါမည်။

# ဖွဲ့စည်းပုံနှင့် အကြောင်းအရာ

ဂလာတိသြဝါဒစာသည်တိုသော်လည်း အလွန်ကျစ်လစ်လွန်းသောကြောင့်၊ အကူအညီပေးရန် ရည်ရွယ်သောခရစ်ယာန်များမှာ အသေးစိတ်အချက်အလက်များကြား မကြာခဏလမ်းစပျောက်သွား လေ့ရှိသည်။ ထို့ကြောင့်၊ ဤသြဝါဒစာ၏အစိတ်အပိုင်းတိုင်းသည် အခြားအစိတ်အပိုင်းအားလုံးနှင့် မည်သို့ကိုက်ညီ သည်ကို ခြုံငုံသုံးသပ်ခြင်းသည် ပညာရှိရာရောက်ပါသည်။ ဂလာတိလူများသည် မိစ္ဆာဆရာများ၏ စိန်ခေါ်မှုများကိုရင်ဆိုင်ရစဉ်တွင် ခရစ်တော်၏နောက်ဆုံးသောကာလနှင့်ပတ်သက် သော သတင်းကောင်းအပေါ်၌ ဆက်လက်တည်ကြည်ရန် ပေါလုသည်သြဝါဒစာကို အစမှအဆုံးတိုင်အောင် ရေးဆွဲခဲ့သည်။

ဂလာတိသြဝါဒစာတွင် အဓိကအပိုင်းခြောက်ပိုင်း ခွဲထားသည်_

- ပထမ၊ ညွှန်ကြားချက်တစ်ခု ၁:၁-၅၊
- ဒုတိယ၊ ဂလာတိရှိပြဿနာမိတ်ဆက် ၁:၆-၁၀၊
- တတိယ၊ သမိုင်းမှတ်တမ်းများ ၁:၁၁–၂:၂၁၊
- စတုတ္ထ၊ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းဆိုင်ရာ အယူဝါဒအတွက် ဓမ္မဆိုင်ရာအထောက်အထားများ၏ အခန်းဆက်သင်ခန်းစာ ၃:၁–၄:၃၁၊
- ပဥ္စမ၊ လက်တွေ့ကျသော တိုက်တွန်းချက်အချို့ ၅:၁–၆:၁၀၊
- နောက်ဆုံး၊ နောက်ဆက်တွဲ ၆:၁၁-၁၈ ဖြစ်သည်။

သြဝါဒစာ၏ညွှန်ကြားချက်နှင့် နောက်ဆက်တွဲကို ဦးစွာစဉ်းစားကြည့်ကြပါစို့။

## ညွှန်ကြားချက်နှင့် နောက်ဆက်တွဲ (၁:၁-၅)

၁:၁-၅ ပါ ဂလာတိသြဝါဒစာ၏ညွှန်ကြားချက်သည် အတိုချုပ်ပြီးရိုးရှင်းသည်။ ၎င်းသည် တမန်တော်ပေါလုအား ကျမ်းရေးသူအဖြစ် မိတ်ဆက်ပေးပြီး၊ ဂလာတိအသင်းတော်များကို စာလက်ခံသူ များအဖြစ် သတ်မှတ်ဖော်ပြသည်။ ၆:၁၁-၁၈ ပါနောက်ဆက်တွဲသည် အကျဉ်းချုပ်ဖြစ်ပြီး၊ နောက်ဆုံး မှတ်ချက်အချို့နှင့် ဂလာတိအသင်းတော်များအတွက် ပေါလု၏ကိုယ်ရေးကိုယ်တာကောင်းချီးမင်္ဂလာ များဖြင့် သြဝါဒစာကို အဆုံးသတ်ထားသည်။ ဤသြဝါဒစာတွင် ပေါလု၏ ပိုအရေးကြီးသော အတွေး အမြင်အချို့ကိုလည်း မီးမောင်းထိုးပြသည်။

## ပြဿနာမိတ်ဆက် (၁း၆-၁၀)

စာအုပ်၏ဒုတိယအပိုင်းဖြစ်သော ၁:၆-၁၀ တွင်၊ ဂလာတိလူတို့ကြုံတွေ့နေရသောပြဿနာကို မိတ်ဆက်ဖော်ပြထားသည်ကို တွေ့မြင်ရသည်။ ဤတွင် ပေါလုသည် ဂလာတိပြည်ရှိများယွင်းသော



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သွန်သင်ခြင်းပြဿနာကို တိုက်ရိုက်တိုက်ခိုက်ခဲ့သည်။ သူသည် အံ့ဩမှုကိုဖော်ပြခဲ့ပြီး၊ စိတ်အနှောင့်အယှက်ပေးနေသော မိစ္ဆာဆရာများနောက်သို့လိုက်ခြင်းသည် မည်မျှအန္တရာယ်ရှိကြောင်း ဂလာတိလူတို့ကို သတိပေးခဲ့သည်။ ဤမိစ္ဆာဆရာများနောက်လိုက်ခြင်းသည် မှားယွင်းသောဧဝံဂေလိတရားကို လက်ခံခြင်းဖြစ်ကြောင်း လေးနက်သော အသုံးအနှုန်းများဖြင့် ပေါလုအခိုင်အမာပြောဆိုခဲ့သည်။ ၁:၈ တွင် မိစ္ဆာဆရာများကို ပေါလုပြောသော ပြင်းထန်သောကျိန်ခြင်းစကားကို နားထောင်ပါ_

> သို့သော်လည်း၊ သင်တို့အားငါဟောပြောသော ဧဝံဂေလိတရားမှတပါး
> အခြားသောဧဝံဂေလိတရားကို ငါတို့သည် ဟောပြောသော်ငင်း၊
> ကောင်းကင်ဘုံမှလာသော ကောင်းကင်တမန်ဟောပြောသော်ငင်း၊
> ဟောပြောသောသူသည် ကျိန်တော်မူခြင်းကိုခံစေ (ဂလာတိ ၁:၈)။

မိစ္ဆာဆရာများ၏အယူဝါဒများကို လိုက်နာခြင်းသည် အသေးအမွှားကိစ္စမဟုတ်ပါ။ ၎င်းသည် ခရစ်တော်၏စစ်မှန်သော ဧဝံဂေလိတရားကို ငြင်းပယ်သည်။ ကယ်တင်ခြင်းတရားကို ငြင်းပယ်သည်။ ဩဝါဒစာ၏ဤအပိုင်းသည် ဂလာတိပြည်ရှိပြဿနာများသည် အရေးကြီးကြောင်း ရှင်းလင်းစွာဖော်ပြထားသည်။ ဂလာတိလူတို့၏ ထာဝရကြမ္မာသည် အနှောင့်အယှက်ဖြစ်နေသည်။

> ဓမ္မသစ်ကျမ်း၏အံ့ဩဖွယ်အကောင်းဆုံးစာအုပ်များထဲမှ တစ်ခုမှာ
> ဂလာတိဩဝါဒစာဖြစ်သည်။ ထို့ပြင် ၎င်းသည်ပေါလု၏ပထမဆုံး
> ဩဝါဒစာဖြစ်ပြီး—၎င်းသည် ပေါလု၏ပထမဆုံးစာဖြစ်သည်ဟု
> အနည်းဆုံးကျွန်ုပ်ယုံကြည်သည်— သူမည်သို့စတင်ခဲ့သည်ကို
> တွေးမိသောကြောင့် အံ့ဩဖွယ်ဖြစ်သည်ဟု ပြောချင်ပါသည်။ သူသည်
> နှုတ်ဆက်စကားမပါဘဲ အစပြုခဲ့သည်၊ ဂရိစာတိုင်းတွင် "ဟေး နေကောင်းလား"
> ဟူသော နှုတ်ခွန်းဆက်စကား ပါရမည်ဖြစ်ပါသည်။ သူသည် ၎င်းကိုကျော်ပြီး၊
> အဓိကအချက်ကို တိုက်ရိုက်ပြောခဲ့သည်။ “သင်တို့သည်အခြားသော
> ဧဝံဂေလိတရားကို ခံယူကြရသောကြောင့် ငါသည်အံ့ဩခြင်းရှိ၏။
> ထိုဧဝံဂေလိတရားသည် ဧဝံဂေလိတရားမဟုတ်။” ထိုအခါ ပေါလုဆက်၍
> ပြောသည်မှာ “အခြားသောဧဝံဂေလိတရားကို ငါတို့သည် ဟောပြောသော်ငင်း၊
> ကောင်းကင်ဘုံမှလာသော ကောင်းကင်တမန်ဟောပြောသော်ငင်း၊—
> ငါဖြေလကဲ့သို့သောသူသည်ပင်လျှင်— ဟောပြောသောသူသည် ကျိန်တော်
> မူခြင်းကိုခံစေ။” သူ၏ပထမဩဝါဒစာတွင် ပေါလုပြောခဲ့သည့်အရာမှာ
> သမ္မာတရားအကြောင်းဖြစ်သည်။ ဂလာတိဩဝါဒစာကိုရေးရခြင်းအကြောင်းမှာ
> “ကောင်းပြီ၊ သင်သည် အမှန်တကယ်မှန်ကန်ပြီး အတွင်းစိတ်ဆန္ဒရှိလျှင်၊
> တစ်ပါးအမျိုးသားများကို အရေဖျားလှီးရန်လိုအပ်သည်၊ ကျွန်ုပ်တို့သင့်ကို
> ကူညီနိုင်သည်"ဟုဆိုသည့် သူ၏အမှုတော်ကို လိုက်နာဆောင်ရွက်သည့်
> အဓိပ္ပာယ်ရှိလူများရှိနေသောကြောင့်ဖြစ်သည်။ ပေါလုက “ရပ်လော့။ ၎င်းသည်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> များယွင်းသည့်သွန်သင်မှုဖြစ်သည်” ပေါလုသည် လွန်ကဲစွာ တုံ့ပြန်နေသည်
> မဟုတ်ဟု သင်ပြောမည်မဟုတ်လော။ အဘယ်ကြောင့်ဆိုသော်
> အရေဖျားလှီးခြင်းခလေ့အားဖြင့် ပိုမိုပြည့်စုံသောဧဝံဂေလိတရားကို
> ယူဆောင်လာရန် သူတို့၏တောင်းဆိုမှုသည် ဧဝံဂေလိတရားကို
> နှောင့်ယှက်နေသည်ဟု ပေါလုမြင်သောကြောင့်ဖြစ်သည်။

**— Nicholas Perrin, Ph.D.**

# သမိုင်းမှတ်တမ်းများ (၁:၁၁–၂:၂၁)

၁:၁၁–၂:၂၁ ပါ ဂလာတိဩဝါဒစာ၏တတိယအပိုင်းသည် ပို၍ရှင်းလင်းသည်။ ၎င်းတွင် ပေါလုသည် သူ၏တမန်တော်အခွင့်အာဏာကို သက်သေပြခဲ့သောသမိုင်းမှတ်တမ်းများစွာပါဝင်သည်။ ဩဝါဒစာ၏ဤအပိုင်းတွင်၊ ဂလာတိပြည်ရှိ မိစ္ဆာဆရာများကို ပြင်းထန်ပြီး ပြတ်သားစွာ ပြစ်တင်ရှုတ်ချခြင်းသည် ဘုရားသခင်ပေးထားသည့် တမန်တော်အခွင့်အာဏာအပေါ် အခြေခံကြောင်း ပေါလုပြသခဲ့သည်။

ဤအခန်းများတွင် သမိုင်းဆိုင်ရာမှတ်တမ်းသုံးခုကို တွေ့ရသည်_ ပေါလုအားခေါ်ခြင်းနှင့် လေ့ကျင့်ပေးခြင်း ၁:၁၁-၁၇၊ ယေရုရှလင်မြို့ရှိ အသင်းတော်ခေါင်းဆောင်များနှင့် ပေါလုတွေ့ဆုံခြင်း ၂:၁-၁၀ နှင့် ဆီးရီးယား အန္တိအုတ်မြို့၌ ပေတရုနှင့်ပေါလု၏ပဋိပက္ခဖြစ်ခြင်း ၂:၁၁-၂၁ တို့ဖြစ်သည်။ ဤအဖြစ်အပျက်များသည် ဂလာတိလူတို့ကို ဆွဲဆောင်ရန် ပေါလု၏ကြိုးပမ်းမှုအတွက် အလွန်အရေးကြီးသောကြောင့် ပေါလုအားခေါ်ခြင်းနှင့် လေ့ကျင့်ပေးခြင်းမှအစပြု၍ ၎င်းတို့တစ်ခုစီကိုကြည့်ပါမည်။

## ခေါ်ခြင်းနှင့် လေ့ကျင့်ပေးခြင်း (၁:၁၁-၁၇)

ပေါလုအားခေါ်ခြင်းနှင့် လေ့ကျင့်ပေးခြင်းမှတ်တမ်းက တစ်ပါးအမျိုးသား ခရစ်ယာန်များသည် အရေဖျားလှီးရန်လိုအပ်ကြောင်း အခိုင်အမာပြောဆိုသူများကို ပေါလုအနေဖြင့် အဘယ်ကြောင့်ပြစ်တင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ကို ရှင်းပြထားသည်။ ၎င်းတွင် ပေါလုသည် ဣသရေလလူမျိုး၏ထုံးတမ်းစဉ်လာများကို မည်မျှနှစ်သက်ခဲ့ကြောင်း၊ သူမပြောင်းလဲမီတွင် အသင်းတော်အား တက်ကြွစွာ ညှဉ်းပန်းနှိပ်စက်ခဲ့ကြောင်း ဖော်ပြချက်နှင့် စတင်ခဲ့သည်။ ဂလာတိ ၁:၁၃-၁၄ မှနုတ်ကပတ်တော်များကို နားထောင်ပါ_

> ဘိုးဘေးတို့၏လက်မှ ငါခံရသောနည်း ဥပဒေသဘက်၌ အထူးသဖြင့်
> စိတ်အားသန်လျက်၊ ငါ၏လူမျိုးထဲတွင် ငါ့ရွယ်တူချင်းအများတို့ထက်
> ယုဒဘာသာကိုကျင်လည်လေ့ကျက်ကြောင်းကို၎င်း သင်တို့ကြားသိကြရပြီ
> (ဂလာတိ ၁:၁၃-၁၄)။

ခရစ်တော်၏နောက်လိုက်မဖြစ်မီ သူသည် ဣသရေလလူမျိုးတို့၏ထုံးတမ်းစဉ်လာများကို နက်ရှိုင်းစွာခံယူခဲ့ကြောင်း ပေါလုနှင့်ပတ်သက်၍ တစ်စုံတစ်ရာကိုသိသောမည်သူတစ်ဦးတစ်ယောက်မျှ ငြင်းနိုင်မည် မဟုတ်ပါ။ အမှန်ဆိုရလျှင် ခရစ်ယာန်တစ်ဦးအနေနှင့်ပင်၊ သူသည် ဧဝံဂေလိတရားပျံ့နှံ့စေရန်အတွက် ထိုထုံးတမ်းစဉ်လာများကို မကြာခဏတင်ပြလေ့ရှိသည်။ သို့သော် ကနဦးစိတ်အားထက်သန်မှုနှင့် ယုဒလူမျိုးတို့၏ရိုးရာဓလေ့များကို ဆက်၍လေးစားခဲ့သော်လည်း၊ ပေါလုသည် ဂလာတိပြည်သို့ခရီးသွား သောအခါ တစ်ပါးအမျိုးသားများကို အရေဖျားလှီးရန်မတောင်းဆိုခဲ့ပါ။ သူ၏ကာလရှိ ဣသရေလလူမျိုး တို့၏ထုံးတမ်းစဉ်လာများကို စွဲမြဲစွာလိုက်နာခဲ့စဉ်တွင်၊ သူသည် ဤသို့လုပ်ဆောင်ခြင်းမှာ မည်သို့တရား မျှတနိုင်မည်နည်း။

> ပေါလုသည် ယုဒလူမျိုးဖြစ်ပြီး၊ နာဇရက်မြို့သားယေရှုသည် ကတိထားရာ မေရှိယဖြစ်ကြောင်း ရှာဖွေတွေ့ရှိခဲ့သော ယုဒလူတစ်ဦးဖြစ်ကြောင်းကို ကျွန်ုပ်တို့မှတ်သားထားရမည်ဟု ထင်ပါသည်။ ပေါလုသည် အသက်ကြီးသူ များ၏ ထုံးတမ်းစဉ်လာများအရ ကြီးပြင်းလာကာ၊ ငယ်စဉ်ကလေးဘဝကတည်း ကပင် ကျမ်းစာကိုကြားနာခဲ့ပြီး၊ ဖာရိရှဲတစ်ဦးအဖြစ် လေ့ကျင့်သင်ကြားခြင်း ခံရသောကြောင့် ထိုကျမ်းစာများကို နက်ရှိုင်းစွာ သိရှိခဲ့သည်။ အမှန်တကယ်တွင်၊ ပေါလုသည် စာအုပ်များစွာကို နှလုံးသွင်းခဲ့ပေမည်။ ထို့ကြောင့် ဓမ္မဟောင်းကျမ်း ဟု ယနေ့ကျွန်ုပ်တို့ခေါ်သည့်ကျမ်း၏ စည်းစိမ်ဥစ္စာအားလုံးကို—ဥပမာ၊ ရောမ ၉ တွင်တွေ့မြင်ရသည့် ဣသရေလ၏ထုံးတမ်းစဉ်လာ၊ သမိုင်း— ပေါလုသည် သူနှင့်အတူ ယူဆောင်လာပါသည်...ယခုတွင် ခရစ်တော်ထံလာသောအခါ အဆိုးမြင်မှုများကိုစွန့်ပစ်ရမည်ကိုလည်း သူနားလည်သဘောပေါက်သည်။ ထို့ကြောင့်၊ ပေါလု၏ကာလ၌ ရှုမြင်ခဲ့သည့်အတိုင်း ယုဒလူမျိုး၏သာလွန် မြင့်မြတ်မှု၊ မိမိ၏ဖြောင့်မတ်ခြင်းသဘောထား၊ ၎င်းတို့သည် ဖာရိရှဲတစ်ဦး အနေဖြစ် သူယူဆောင်လာသောအရာများဖြစ်သည်။ ဒမာသက်မြို့သို့သွားရာ လမ်းတွင် ဖြစ်ပျက်ခဲ့သောအရာမှာ အသက်ရှင်သောခရစ်တော်သည် သူ့အားထင်ရှားပြပြီး၊ ကိုယ်တော်သည် ကတိထားရာမေရှိယဖြစ်ကြောင်း ပေါလုရုတ်တရက်သိရှိခဲ့သည်။ ထို့ကြောင့်၊ ပေါလုသည် နာဇရက်မြို့သား ယေရှုသည် ဓမ္မဟောင်းကတိတော်များအားလုံးကို ပြည့်စုံစေသူဖြစ်ကြောင်း အခြေခံအားဖြင့်စတင်ဟောပြောသည်၊ ထို့ကြောင့် ယုဒဘာသာ၏ မကောင်းကြောင်းကို သူဟောပြောမည်မဟုတ်ဘဲ၊ ခရစ်တော်၌ပြည့်စုံပြီဟုသာ ဟောပြောမည်ဖြစ်သည်။

**Dr Donald Cobb**

ဂလာတိ ၁:၁၅-၁၈ တွင် ပေါလု၏သက်သေခံချက်ကို နားထောင်ပါ_



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဘုရား သခင်သည်၊ သားတော်၏ ဧဝံဂေလိတရားကို တပါးအမျိုးသားတို့၌ ဟောပြောစေမည်အကြောင်း၊ မိမိအလိုတော် နှင့်အညီသားတော်ကို ငါ့အား ပြတော်မူသောအခါ၊...အာရပ်ပြည်သို့ ချက်ခြင်းသွား၍ တဖန်ဒမာသက်မြို့ သို့ပြန်လေ၏။ ထိုနောက်သုံးနှစ်လွန်ပြီးမှ ပေတရုကို အကျွမ်းဝင်လိုသောငှါ၊ ယေရုရှလင်မြို့သို့သွား၍ (ဂလာတိ ၁:၁၅-၁၈)။

ပေါလုသည် အာရပ်ပြည်တွင် ဧဝံဂေလိတရားနှင့် ခရစ်ယာန်အယူဝါဒများကို သုံးနှစ်ကြာယေရှု ထံမှ တိုက်ရိုက်သင်ယူခဲ့သည်။ တစ်ပါးအမျိုးသားတို့အား အရေဖျားလှီးခြင်းကို တောင်းဆိုရန် သူငြင်းဆို ခြင်းသည် သဘာဝကျသော ကျိုးကြောင်းဆင်ခြင်ခြင်း သို့မဟုတ် သူ၏ပုဂ္ဂိုလ်ရေးအရ လိုလားချက် ကြောင့် မဟုတ်ပါ။ သခင်ယေရှုကိုယ်တိုင်က ပေါလုကို သူ၏အမြင်သစ်များကို သွန်သင်ပေးခဲ့သည်။ ဤအကြောင်းကြောင့်၊ ဤကိစ္စနှင့်ပတ်သက်၍ ပေါလုနှင့်သဘောထားကွဲလွဲခြင်းသည် ခရစ်တော်ကိုယ် တိုင်နှင့် သဘောထားကွဲလွဲခြင်းဖြစ်သည်။

## ခေါင်းဆောင်များနှင့် တွေ့ဆုံခြင်း (၂း၁-၁၀)

၂:၁-၁၀ ပါဤအပိုင်းရှိ ဂလာတိဩဝါဒစာ၏ဒုတိယသမိုင်းမှတ်တမ်းသည် ယေရုရှလင်မြို့ရှိ အသင်းတော်ခေါင်းဆောင်များနှင့် ပေါလု၏တွေ့ဆုံမှုကို ဖော်ပြသည်။ ပေတရုနှင့် သီးသန့်တွေ့ဆုံပြီး နောက် ဆယ့်လေးနှစ်အကြာတွင် ယေရုရှလင်မြို့ရှိ အသင်းတော်၏ခေါင်းဆောင်များနှင့် ပေါလု တွေ့ဆုံခဲ့ပြီး၊ တစ်ပါးအမျိုးသားများထံ ဧဝံဂေလိတရားကိုဝေငှမည့် သူ၏ချဉ်းကပ်မှုကို သူတို့အတည်ပြု ခဲ့သည်။ ဂလာတိ ၂:၁-၉ ပါပေါလု၏မှတ်တမ်းကို နားထောင်ပါ_

> ယေရုရှင်မြို့သို့ တဖန်သွားလေ၏။ ဗျာဒိတ်တော်အတိုင်းပင်သွားသည်ဖြစ်၍၊ တပါးအမျိုးတို့၌ ဟောပြောသော ဧဝံဂေလိတရားကို ထိုအခါငါကြားပြော လေ၏။... အရေဖျားလှီးခြင်းနှင့်မစပ်ဆိုင်သော ဧဝံဂေလိတရားကိုငါ၌ အပ်တော်မူကြောင်းကို သူတို့သည်သိမြင်ကြ၏။...ယာကုပ်၊ ကေဖ၊ ယောဟန် တို့သည်လည်း၊... ငါတို့သည်တပါးအမျိုး သားတို့ဆီသို့သွားမည်အကြောင်း၊ လက်ျာလက်ခံခြင်းကို ဗာနဗနှင့်ငါ့အား ပေးကြ၏ (ဂလာတိ ၂း၁-၉)။

တစ်ပါးအမျိုးသားများကြား သူ၏လုပ်ဆောင်မှုသည် ယေရုရှလင်မြို့ရှိ အသင်းတော်ခေါင်း ဆောင်များ၏သွန်သင်ချက်နှင့် မဆန့်ကျင်ကြောင်း ဂလာတိလူတို့သိမြင်နိုင်စေရန်အတွက် ပေါလုသည် ဤအကြောင်းအရာကို ဆက်စပ်ပြောပြခဲ့သည်။ ဘုရားသခင်သည် ပေါလုအား တစ်ပါးအမျိုးသား လောကသို့ ဧဝံဂေလိတရားပြန့်ပွားစေသည့် သီးခြားအခန်းကဏ္ဍကိုပေးခဲ့ကြောင်း အခြားသောတမန် တော်များသည် သဘောတူညီခဲ့ကြသည်။ ထို့ကြောင့်၊ ပေါလုသည် တစ်ပါးအမျိုးသားများ၏အရေဖျား လှီးခြင်းဆိုင်ရာမေးခွန်းကို သူ့တွင်ရှိသည့်အဖြေဖြင့် ချဉ်းကပ်ပိုင်ခွင့်ရှိသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ပေါလုသည် သူ၏ခေါ်ဆိုမှု၊ တာဝန်ပေးမှု၊ တမန်တော်ဖြစ်မှုနှင့် သူရရှိသော ဧဝံဂေလိတရားသည် ယုဒလူမျိုးများထံမှရင်း၊ ယုဒလူမျိုးခေါင်းဆောင်များ ထံမှရင်းမဟုတ်ဘဲ ဘုရားသခင်ထံမှ တိုက်ရိုက်ရရှိခြင်းဖြစ်ကြောင်း ဂလာတိဩဝါဒစာ၌ အခိုင်အမာဆိုသည်။ ဂလာတိဩဝါဒစာတွင်၊ သူသည် ပေတရုနှင့် ယောဟန်ကဲ့သို့ အသင်းတော်၏ခေါင်းဆောင်များထံမှ လက်ျာလက်ခံခြင်းကောင်းချီးမင်္ဂလာကို ရရှိခဲ့ပုံအကြောင်း၊ ထိုသူတို့သည် သူလက်ခံရရှိသော ဧဝံဂေလိတရား၏စစ်မှန်မှုကို အတည်ပြုခဲ့ပုံအကြောင်း ပြောပြသည်။ အကျိုးဆက်အနေဖြင့်၊ သူသည် သူ၏အမှုတော်ကို တစ်ပါးအမျိုးသားအသင်းတော်တစ်ခုမှစတင်ခဲ့ပြီး၊ ဧဝံဂေလိတရားသည် လူအချို့နှင့် ယေရုရှလင်ရှိ ယုဒအသင်းတော်နှင့်သာ မသက်ဆိုင်ဘဲ၊ သမ္မာကျမ်းစာ၏အကြောင်းအရာနှင့် ဆက်စပ်နေကြောင်း ကြီးစွာသောသတင်းစကားကို ပေးပို့ခဲ့သည်။

**Dr Atef Gendy**

## ပေတရုနှင့် ပဋိပက္ခဖြစ်ခြင်း (၂း၁၁-၂၁)၊

၂း၁၁-၂၁ တွင်တွေ့ရသော ပေါလု၏တတိယသမိုင်းမှတ်တမ်းတွင် ဆီးရီးယားနိုင်ငံ အန္တိအုတ်မြို့၌ ပေတရုနှင့် ပဋိပက္ခဖြစ်ခြင်းကို ဖော်ပြထားသည်။ ဤမှတ်တမ်းတွင်၊ ပေတရုသည် ကနဦးအချိန်၌ အရေဖျားလှီးခြင်းကိုမခံရသောယုံကြည်သူများနှင့် လွတ်လပ်စွာပေါင်းသင်းခြင်းဖြင့် ခရစ်တော်၏ ဧဝံဂေလိတရားအပေါ် သစ္စာရှိခဲ့ကြောင်း သိရှိရသည်။ သို့သော် နောက်ပိုင်းအချိန်များတွင်၊ ပေတရုသည် ယေရုရှလင်မြို့မှ တင်းကြပ်သောယုဒလူမျိုးယုံကြည်သူများကြားတွင် သူ၏ဂုဏ်သိက္ခာကို စိုးရိမ်ခဲ့သည်။ ထို့ကြောင့်၊ သူသည် အရေဖျားလှီးခြင်းကိုမခံသော ယုံကြည်သူများနှင့် သီးခြားခွဲနေခဲ့သည်။ ပေတရု၏လုပ်ရပ်များသည် အရေဖျားလှီးခြင်းမခံသော တစ်ပါးအမျိုးသားယုံကြည်သူများသည် ယုဒလူမျိုးယုံကြည်သူများထက် ယုတ်ညံ့သည်ဟူသည့် မှားယွင်းသောယုံကြည်ချက်နှင့် ကိုက်ညီစေသည်။ ထိုအကြောင်းကို ပေါလုသိသောအခါ၊ ပေတရုနှင့်ရင်ဆိုင်ခဲ့ပြီး သူနှင့် ပေတရုနှစ်ဦးစလုံးယုံကြည်သော ဧဝံဂေလိတရားကို သတိပေးခဲ့သည်။ ဂလာတိ ၂း၁၆ တွင် ထိုအဖြစ်အပျက်၌ ပေတရုအား ပေါလုပြောသောစကားများကို ဖော်ပြထားသည်။ ပေါလုပြောသည်မှာ_

> ယေရှုခရစ်ကိုယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ကြသည်ကို၊ အပြစ်ထင်ရှားသော တပါး အမျိုးသားမဟုတ်ဘဲ၊ ဇာတိအမျိုးအားဖြင့် ယုဒလူဖြစ်သောငါတို့သည် အမှန်သိသည်နှင့်အညီ ပညတ်တရား၏ အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့မရောက်၊ ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ၊ ငါတို့ပင် ယေရှုခရစ်ကိုယုံကြည်ကြပြီ။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အကြောင်းမူကား၊ ပညတ်တရား၏ အကျင့်အားဖြင့် အဘယ်သူမျှ ဖြောင့်မတ်ရာသို့ မရောက်နိုင်ရာ (ဂလာတိ ၂း၁၆)။

လူတို့၏တရားမျှတခြင်း သို့မဟုတ် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်ခြင်းနှင့်ပတ်သက်၍ သူ၏ဆုံးမပဲ့ပြင်မှုအပေါ် ပေတရုပင်လျှင်လက်ခံခဲ့ကြောင်း သက်သေပြရန်အတွက် ပေတရုနှင့်သူ၏ပဋိပက္ခဖြစ်ခြင်းအကြောင်းကို ပေါလုရေးသားခဲ့သည်။ ၎င်းသည် ယုဒလူမျိုး၏ရိုးရာသွန်သင်ချက်များကို လိုက်နာခြင်းမဟုတ်ဘဲ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်ဖြစ်သည်။ ပေါလု၏အခွင့်အာဏာသည် ထင်ရှားသောတမန်တော်ပေတရုကိုပင် ဤအရေးကြီးသောသမ္မာတရားမှလွဲသွားသောအခါပြုပြင်ရန် လုံလောက်လျှင်၊ ဂလာတိပြည်ရှိ မိစ္ဆာဆရာများကိုပြုပြင်ရန် အခွင့်အာဏာရှိမည်မှာ သေချာပါသည်။

ပေါလုအားခေါ်ခြင်းနှင့် လေ့ကျင့်ပေးခြင်း၊ ယေရုရှလင်ခေါင်းဆောင်များနှင့်တွေ့ဆုံခြင်းနှင့် ပေတရုနှင့်သူ၏ပဋိပက္ခဖြစ်ခြင်းဆိုင်ရာ ဤမှတ်တမ်းသုံးခုတွင် တူညီသောအကြောင်းအရာတစ်ခုရှိသည်_ သူတို့အားလုံးသည် ဂလာတိပြည်ရှိ မိစ္ဆာဆရာများကိုဆန့်ကျင်ရန်နှင့် ခရစ်တော်၏စစ်မှန်သောဧဝံဂေလိတရားကို ခုခံကာကွယ်ရန် ပေါလု၏အခွင့်အာဏာအတွက် ခိုင်မာသောကိစ္စရပ်တစ်ခုကို တည်ဆောက်ခဲ့ကြသည်။

သူ၏အခွင့်အာဏာကို သက်သေပြရန် ဤသမိုင်းမှတ်တမ်းများကို ဖော်ပြပြီးနောက်၊ ပေါလုသည် ၃း၁–၄း၃၁ ရှိဩဝါဒစာ၏စတုတ္ထအပိုင်းကို ဆက်လက်ဖော်ပြခဲ့သည်။ ဤနေရာတွင် သူသည် ဘုရားသခင်ရှေ့ ဖြောင့်မတ်ခြင်း သို့မဟုတ် မှန်ကန်သောရပ်တည်မှုသည် အရေဖျားလှီးခြင်း သို့မဟုတ် အခြားလူသား၏လုပ်ဆောင်မှုဖြင့်မဟုတ်ဘဲ ယုံကြည်ခြင်းအားဖြင့်သာဖြစ်ကြောင်းသက်သေပြရန် ဓမ္မပညာဆိုင်ရာပို၍တိကျသောအထောက်အထားများကို ပေးခဲ့သည်။

## ဓမ္မပညာဆိုင်ရာအထောက်အထားများ (၃း၁–၄း၃၁)

ပေါလု၏ဓမ္မပညာဆိုင်ရာအထောက်အထားများကိုတင်ပြသည့်အကြောင်းအရာသည် ဂလာတိလူများ၏အတွေ့အကြုံများနှင့်အာဗြဟံ၏အသက်တာဆိုင်ရာကျမ်းစာမှတ်တမ်းများကိုခြားနားစေသည့် အပိုင်းလေးပိုင်းခွဲထားသည်။ ပထမ၊ ပေါလုသည် ဂလာတိလူများ၏ကနဦးခရစ်ယာန်အတွေ့အကြုံကို ဖော်ပြခဲ့သည်။ ဒုတိယ၊ သူသည် အာဗြဟံ၏ကယ်တင်ခြင်းပေးသော ယုံကြည်ခြင်းဆိုင်ရာ ဓမ္မဟောင်းမှတ်တမ်းကို ကိုးကားခဲ့သည်။ တတိယ၊ ပေါလုသည် ဂလာတိယုံကြည်သူများ၏ မျက်မှောက်အတွေ့အကြုံကို ဖော်ပြခဲ့သည်။ စတုတ္ထ၊ အာဗြဟံ၏မယားများနှင့် သားများအကြောင်းကို ရေးသားထားသည်။ ၃း၁-၅ ပါ ခရစ်ယာန်ယုံကြည်ခြင်းဆိုင်ရာ ဂလာတိလူတို့၏ကနဦးအတွေ့အကြုံများအပေါ် ပေါလု၏အာရုံစိုက်မှုကို ဦးစွာကြည့်ကြပါစို့။

### ကနဦးအတွေ့အကြုံ (၃း၁-၅)

ပေါလု ၃း၂-၅ တွင်ပေါလုရေးခဲ့သည်ကို နားထောင်ပါ_



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ပညတ်တရား၏အကျင့်အားဖြင့် ဝိညာဉ်တော်ကို ခံရကြသလော။ သို့မဟုတ် ယုံကြည်ခြင်းတရားကို ကြားနာခြင်းအားဖြင့် ခံရကြသလော ဟူသောအရာတစ်ခုကိုသာ သင်တို့၌ငါသိလို၏။... ဝိညာဉ်တော်ကိုအမှီပြု၍ လုပ်စရှိပြီးမှ၊ ဇာတိကို အမှီပြု၍ ပြီးစေကြသလော။...ထိုမှတပါးဝိညာဉ်တော်ကို သင်တို့အား ပေး၍၊ သင်တို့၌တန်ခိုးများကိုပြသောသူသည် ပညတ်တရား၏ အကျင့်အားဖြင့် ပြသလော။ ယုံကြည်ခြင်းတရားကို နာခြင်းအားဖြင့် ပြသလော (ဂလာတိ ၃:၂-၅)။

ကျယ်ပြောသောအခန်းဆက်မေးခွန်းများစွာတွင် ပေါလုသည် သူ၏ပထမသာသနာပြုခရီးစဉ်တွင် ဖြစ်ပျက်ခဲ့သမျှကို ကိုးကားခဲ့သည်။ တမန်တော် ၁၃၊ ၁၄ တွင်ဖော်ပြသကဲ့သို့ ပေါလုသည် ဂလာတိလူတို့ထဲတွင် ဦးစွာရှိနေစဉ်၊ သူတို့သည်သန့်ရှင်းသောဝိညာဉ်တော်ထံမှ အံ့ဩဖွယ်ကောင်းချီးမင်္ဂလာများစွာကို ရရှိခဲ့ကြသည်။ ဣသရေလတို့၏ ထုံးတမ်းစဉ်လာများကို စောင့်ရှောက်ခြင်းအားဖြင့် ဝိညာဉ်တော်၏ဤကောင်းချီးမင်္ဂလာများ ရောက်ရှိခြင်းမဟုတ်ကြောင်း ဂလာတိလူများနှင့်ပေါလု နှစ်ဦးစလုံး သိကြသည်။ ဝိညာဉ်တော်သည် သူတို့ဆီသို့ ရောက်သောအခါ၊ သူတို့သည်အရေဖျားလှီးခြင်းကို မခံကြသေးပါ။ သူတို့သည် ခရစ်တော်ကို ယုံကြည်သောကြောင့် ဤဆုကျေးဇူးများကို ဘုရားသခင်သည် လွတ်လပ်စွာပေးခဲ့ပါသည်။ ဤအတွေ့အကြုံအရ၊ နောက်ပိုင်းတွင် ဂလာတိလူများအနေဖြင့် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို ပညတ်တရားအားနာခံခြင်းဖြင့် ရရှိနိုင်သည်ဟု ထင်မြင်ခြင်းထက် သာ၍သိသင့်သည်။

## အာဗြဟံ၏ယုံကြည်ခြင်း (၃:၆–၄:၁၁)

ဂလာတိလူတို့၏ကနဦးခရစ်ယာန်အတွေ့အကြုံနှင့်ပတ်သက်သော ဓမ္မပညာဆိုင်ရာအထောက်အထားများကို တင်ပြပြီးနောက်၊ ပေါလုသည် ၃:၆–၄:၁၁တွင် အာဗြဟံ၏ကယ်တင်ခြင်းပေးသော ယုံကြည်ခြင်း၏နမူနာကို ဖော်ပြခဲ့သည်။ ဘုရားသခင်သည် အာဗြဟံအား ပညတ်တရားကို နာခံခြင်းကြောင့်မဟုတ်ဘဲ သူ၏ယုံကြည်ခြင်းကြောင့် ကောင်းချီးမင်္ဂလာများပေးခဲ့ကြောင်း ဤအခန်းငယ်များတွင် ပေါလုဖော်ပြခဲ့သည်။ အာဗြဟံသည် ဇာတိလူသား၏ ကြိုးစားအားထုတ်မှုကြောင့် ကယ်တင်ခြင်းကောင်းချီးမင်္ဂလာကို ရရှိခဲ့ခြင်းမဟုတ်ပါ။

**အာဗြဟံ၏ဖြောင့်မတ်ခြင်း။** ဤအပိုင်းရှိ ပေါလု၏ဖော်ပြချက်သည် အလွန်ရှုပ်ထွေးသော်လည်း ၎င်းကိုအပိုင်းငါးပိုင်းဖြင့် အကျဉ်းချုပ်နိုင်သည်။ ပထမအနေဖြင့်၊ ဘုရားသခင့်မျက်မှောက်တော်၌ အာဗြဟံ၏ဖြောင့်မတ်ခြင်းသည် ဘုရားသခင်၏ကတိတော်ကို ယုံကြည်သောအားဖြင့်ဖြစ်ကြောင်း ပေါလုထောက်ပြခဲ့သည်။ ၃း၆-၇ တွင် ပေါလုသည် ကမ္ဘာဦး ၁၅:၆ ကို ဤသို့ကိုးကားခဲ့သည်_

> ထိုနည်းတူအာဗြဟံသည် ဘုရားသခင်ကို ယုံကြည်သည်ဖြစ်၍၊ သူ၏ ယုံကြည်ခြင်းကို ဖြောင့်မတ် ခြင်းကဲ့သို့မှတ်တော်မူ၏။ ယုံကြည်ခြင်းရှိသောသူသည် အာဗြဟံ၏သားဖြစ်သည်ဟု အမှန်သိမှတ်ကြလော့ (ဂလာတိ ၃:၆-၇)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကမ္ဘာဦး ၁၅:၆ ၏အဓိပ္ပာယ်ကိုနားလည်ရန်၊ ဤကျမ်းပိုဒ်၏ရှေ့တွင် မည်သည့်အရာဖြစ်သည်ကို ကျွန်ုပ်တို့မှတ်သားရမည်ဖြစ်သည်။ အစောပိုင်းတွင်၊ ဘုရားသခင်သည် အာဗြဟံအား ကြီးမားသောနိုင်ငံ တစ်ခုအဖြစ် ကတိပေးခဲ့သော်လည်း၊ သူ၏ဇနီးစာရာသည် မြုံသောကြောင့် အာဗြဟံသည်ဘုရားသခင် ၏ကတိတော်ကို သံသယဝင်ခဲ့သည်။ တုံ့ပြန်မှုအနေဖြင့်၊ ဘုရားသခင်သည် မိမိ၏ကတိတော်ကို အတည် ပြုခဲ့သည်။ ကိုယ်တော်သည် ညကိုကောင်းကင်ကြယ်များဖြင့် ပြည့်စေပုံကို အာဗြဟံအားပြသခဲ့ပြီး၊ အာဗြဟံ၏အမွေဆက်ခံသူများသည် ကောင်းကင်ကြယ်များကဲ့သို့ မရေမတွက်နိုင်အောင်ဖြစ်မည်ဟု ကတိပြုခဲ့သည်။ အာဗြဟံသည် ဘုရားသခင်၏ကတိတော်ကို လက်ခံပြီး ယုံကြည်ခဲ့သည်။ ဘုရားသခင် သည် သူ့အား ဖြောင့်မတ်သူအဖြစ် မှတ်တော်မူသည်။

ယခုတွင်၊ အာဗြဟံသည် အပြစ်သားတစ်ဦးဖြစ်သေးသော်လည်း၊ ဘုရားသခင်သည် သူ၏မျက်စိ ၌ဖြောင့်မတ်ကြောင်း ကောင်းကင်အရပ်မှ ကြေငြာတော်မူသည်။ ၎င်းသည် အာဗြဟံအရေဖျားလှီးခြင်း မခံရမီ ကာလအတန်ကြာတွင် ဖြစ်ပျက်ခဲ့သည်။ ဤအကြောင်းကြောင့်၊ ပေါလုသည် အာဗြဟံကိုယ်တိုင် အတွက် မှန်သည့်အရာသည်၊ အာဗြဟံ၏သားသမီးအားလုံးအတွက် မှန်သည်ဟု ကောက်ချက်ချခဲ့သည်။ အာဗြဟံ၏စံနမူနာကို လိုက်လျှောက်သူများသည် သူ၏သားသမီးအစစ်များနှင့် ဘုရားသခင်ကတိပြု ထားသည့် နိုင်ငံတော်၏အမွေဆက်ခံသူများဖြစ်ကြသည်။

**တစ်ပါးအမျိုးသားများအတွက် ကယ်တင်ခြင်းကတိတော်။** ဒုတိယ၊ ကယ်တင်ခြင်းကောင်းချီး မင်္ဂလာကို အာဗြဟံအားဖြင့် တစ်ပါးအမျိုးသားတို့ထံ ပျံ့နှံ့စေမည်ဟု ဘုရားသခင်သည်အာဗြဟံအား ကတိပြုပုံကို ပေါလုထောက်ပြခဲ့သည်။ ဂလာတိ ၃:၈-၉ တွင် ပေါလုသည် ကမ္ဘာဦး ၁၂:၃ ကို ဤသို့ ကိုးကားခဲ့သည်_

> ဘုရားသခင်သည် ယုံကြည်ခြင်းကိုထောက်၍၊ တပါးအမျိုးသားတို့ကို ဖြောင့်မတ်ရာ၌ တည်စေတော်မူ မည်ဟု ကျမ်းစာသည်မြော်မြင်လျက်၊ အာဗြဟံအား အမိန့်ရှိ၍၊ သင့်အားဖြင့်လူအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု ဧဝံဂေလိတရားကို ဟောနှင့်လေ၏။ သို့ဖြစ်၍ ယုံကြည်ခြင်းရှိသောသူတို့သည် ယုံကြည်သောအာဗြဟံနှင့်အတူ ကောင်းကြီးမင်္ဂလာကို ခံရကြ၏ (ဂလာတိ ၃:၈-၉)။

ခရစ်တော်၏ဧဝံဂေလိတရား သို့မဟုတ် သတင်းကောင်းသည် အာဗြဟံ၏ယုံကြည်ခြင်းကိုဝေမျှ သော တစ်ပါးအမျိုးသားများကို ဖြောင့်မတ်စေမည်ဟု ကမ္ဘာဦး ၁၂:၃ ၌ဖော်ပြသည်။ ဘုရားသခင်သည် အာဗြဟံအား ကမ္ဘာတစ်ဝှမ်းရှိ တစ်ပါးအမျိုးသားများထံ ဘုရားသခင်၏ကောင်းချီးမင်္ဂလာများ ပျံ့နှံ့စေ ရန် ခေါ် ခဲ့သည်။ ခရစ်တော်၏ဧဝံဂေလိတရားကို တစ်ပါးအမျိုးသားများထံ ပျံ့နှံ့စေခြင်းဖြင့် ဤခေါ်ဆိုမှု သည် ပြည့်စုံကြောင်း ပေါလုကောက်ချက်ချခဲ့သည်။

> ကမ္ဘာဦးကျမ်း ၁၂ တွင် ဘုရားသခင်သည် အာဗြဟံကိုသာမက—ထိုအချိန်တွင် အာဗြဟံသည်ကလေးမရှိပါ— ရေတွက်၍မရသော အမျိုးအနွယ်တစ်ခုရှိမည့်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အကြောင်း၊ အာဗြဟံအားဖြင့် တစ်ပါးအမျိုးသားတို့သည် မင်္ဂလာရှိကြမည့် အကြောင်း ကတိပေးခဲ့သည်။ ဓမ္မဟောင်းကျမ်းတစ်လျှောက်တွင် ဤအရာအား ထုတ်ဖော်ပြသသည်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ ဣသရေလလူမျိုးသည် သခင်ဘုရား၏ထူးခြားသောလူမျိုးအဖြစ်၎င်း၊ သခင်ဘုရားနှင့် လူမျိုးတို့ကြား တွင် ကိုယ်တော်၏အုပ်စိုးမှုကို ကိုယ်စားပြုသောလူမျိုးအဖြစ်၎င်း ခေါ်ဆိုခြင်းခံရ သည်။ သူတို့ကို "ယဇ်ပုရောဟိတ်မျိုး" ဟုခေါ်သည် …ကျွန်ုပ်တို့မအောင်မြင် သကဲ့သို့ ဣသရေလသည် ယဇ်ပုရောဟိတ်မျိုးဖြစ်ခြင်းတွင်၎င်း၊ ဣသရေလ လူမျိုးအားဖြင့် လူမျိုးအပေါင်းတို့ထံ ဘုရားသခင်၏ကောင်းချီးမင်္ဂလာစီးဆင်းရာ လမ်းကြောင်းဖြစ်စေခြင်းတွင်၎င်း နည်းအမျိုးမျိုးတို့ဖြင့် ပျက်ကွက်ခဲ့ ကြောင်းကို ကျွန်ုပ်တို့သိပါသည်။ သို့သော် ယေရှုသည် အာဗြဟံ၏အဆုံးစွန်သော အမျိုးအနွယ်ဖြစ်ပြီး၊ ယခု ခရစ်တော်၌ ပဋိညာဉ်သစ်အသင်းတော်သည် အာဗြဟံ၏အမျိုးအနွယ်ဖြစ်သော ယေရှုအားဖြင့် ကောင်းချီးမင်္ဂလာကို လက်ခံသူနှင့် လူမျိုးအပေါင်းတို့ထံ ကောင်းချီးမင်္ဂလာပေးရာလမ်းကြောင်း ဖြစ်သည်။

**Dr Dennis E. Johnson**

**ခရစ်တော်သည် ကျိန်ခြင်းကိုယူဆောင်သွားခဲ့သည်။** တတိယ၊ ရှင်ပေါလုက ကယ်တင်ခြင်း သည် ကောင်းသောအကျင့်အားဖြင့်မဟုတ်ဘဲ ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့်ဖြစ်သည်ဟု ရှင်းပြ သည်။ အဘယ်ကြောင့်ဆိုသော် အပြစ်တရားအပေါ် ဘုရားသခင်၏ကျိန်ခြင်းကို ခရစ်တော်ကိုယ်တိုင် နောက်ဆုံးတွင် အပြည့်အဝယူဆောင်သွားသောကြောင့်ဖြစ်သည်။

ပေါလုသည် အရေဖျားကို သွေးထွက်သံယိုလှီးဖြတ်ခြင်းက ဖြောင့်မတ်ခြင်းရရှိရန် နည်းလမ်း မဟုတ်ကြောင်း ဂလာတိလူတို့အား နားလည်စေလိုသည်။ ကမ္ဘာဦး ၁၇ တွင် အာဗြဟံနှင့်ဘုရားသခင့် ပဋိညာဉ်၏လက္ခဏာအနေဖြင့်၊ အရေဖျားလှီးခြင်းသည် "ပဋိညာဉ်သစ္စာကိုကျွန်ုပ်မကျင့်သုံးပါက၊ အသက်ရှင်သောပြည်မှ ပယ်ရှားခြင်းခံစေ" ဟုဆိုလိုသော ဓမ္မဓိဋ္ဌာန်ကျိန်ဆိုချက်ဖြစ်သည်။ ခရစ်တော် သည် အပြစ်တရားအတွက် နောက်ဆုံးအပြစ်ဖြေခြင်းအဖြစ် ကြွလာခဲ့သည်။ ဘုရားသခင်ကို ကျွန်ုပ်တို့ မနာခံခြင်းကြောင့် သူသည် ကျိန်ခြင်းခံခဲ့သည်။ ဂလာတိ ၃း၁၃ တွင်ပေါလု ရေးထားသည်မှာ_

> ခရစ်တော်သည် ငါတို့အတွက်ကြောင့် ကျိန်ခြင်းကိုခံရသောသူဖြစ်၍၊ ငါတို့ကို ပညတ်တရား၏ကျိန်ခြင်းမှရွေးနှုတ်တော်မူပြီ (ဂလာတိ ၃:၁၃)။

ဤနေရာတွင် ပေါလု၏ဖော်ပြချက်သည် သစ်တိုင်၌ဆွဲထားခြင်းကို ခံရသောသူသည် ကျိန်ခြင်း ကိုခံရသောသူဖြစ်၏ဟူသည့် တရားဟောရာ ၂၁:၂၃ ကိုအခြေခံထားသည်။ လက်ဝါးကပ်တိုင်၌ဆွဲထား ခြင်းဖြင့်—ယုဒလူမျိုးတို့၏နားလည်မှုတွင် ရှက်ဖွယ်အကောင်းဆုံးနှင့် အကျိန်နှင့်ဆိုင်သောသေဆုံးမှု



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တစ်ခု—ခရစ်တော်သည် မိမိအပေါ်၌ အပြစ်၏ဆိုးရွားသောကျိန်ခြင်းကို ခံယူခဲ့သည်။ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများသည် ခရစ်တော်ကိုအကြွင်းမဲ့ယုံကြည်ခြင်းအားဖြင့် ၎င်းတို့၏ကောင်းချီးမင်္ဂလာ များဖြစ်ကြောင်း ဂလာတိလူများနားလည်ရန်လိုအပ်သည်။ အကြောင်းမူကား၊ သူတို့အတွက်ကြောင့် ကိုယ်တော်သည် ကျိန်ခြင်းကို ခံတော်မူပြီ။

> ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအချက်သည် ခရစ်တော်ပြုခဲ့သည့်အရာများ၏ လုံလောက်ခြင်းအယူအဆဖြစ်ပြီး၊ ကျဆုံးသော လူသားများအနေဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကယ်တင်ခြင်း၊ ရွေးနှုတ်ခြင်းအား ကျွန်ုပ်တို့ လုပ်ဆောင်ခဲ့သည့်အရာနှင့် လုပ်ဆောင်မည့်အရာအားဖြင့်အောင်နိုင်ခဲ့ခြင်း မဟုတ်ဟူသောအယူအဆကို တစ်နည်းနည်းဖြင့် တိုက်ဖျက်လိုကြသည်။ သို့သော် ဂလာတိသြဝါဒစာက ခရစ်တော်သည် အရာအားလုံးပြီးမြောက်ခဲ့ပြီး နောက်ဆုံးအဖိုးအခပေးချေကြောင်းအယူအဆကို ကျွန်ုပ်တို့သိရှိနားလည်နိုင်ရန် ပေါလုအလေးပေးဖော်ပြသည့်စာအုပ်ဖြစ်သည်။ ဓမ္မဟောင်းကျမ်းသည် ကျိန်ခြင်းတစ်ခုအကြောင်း ပြောထားသည်။ ခရစ်တော်သည် ထိုကျိန်ခြင်းကို ခံတော်မူသည်ဖြစ်၍၊ ကျွန်ုပ်တို့သည် ယခု လွတ်မြောက်ပြီ။ ထို့ကြောင့်၊ ပေါလုသည် ဂလာတိသြဝါဒစာတွင် လွတ်မြောက်မှုနှင့်ပတ်သက်ပြီး ကြီးမားသောလုပ်ဆောင်စရာတစ်ခုပြုလုပ်ခဲ့သည်၊ ထိုလွတ်မြောက်မှုသည် ကျွန်ုပ်တို့၏ကြိုးစားအားထုတ်မှုဖြင့်၎င်း၊ လူ့ကျင့်ဝတ်များနှင့် ဘာသာရေးလောကမှ ပေးအပ်ထားသည့်အရာများကို လိုက်နာခြင်းဖြင့် အောင်နိုင်ခဲ့သည့်အရာမဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့သည် အောင်နိုင်ခဲ့ပြီ သို့မဟုတ် အဖိုးအခပေးခဲ့သော၊ ကျိန်ခြင်းကိုကိုယ်တိုင်ခံတော်မူခဲ့သော သခင်ယေရှုခရစ်အားဖြင့် ထိုဆုကျေးဇူးကို ကျွန်ုပ်တို့ရရှိခဲ့ပြီး၊ သို့ဖြစ်၍ ကျွန်ုပ်တို့အား ဘုရားသခင်၏သားသမီးများအဖြစ် လွတ်လပ်စွာအသက်ရှင်ရန် လွတ်မြောက်စေခဲ့သည်။

— **Rev. Dan Hendley**

**မောရှေ၏ပညတ်တရား။** စတုတ္ထ၊ ပညတ်တရားသည် အာဗြဟံ၏ယုံကြည်ခြင်းစံနမူနာကို နောက်ပြန်မဆုတ်စေကြောင်း ရှင်းလင်းစွာဖော်ပြခြင်းဖြင့်၊ မောရှေ၏ပညတ်တရားကိုပေးရာတွင် ဘုရားသခင်၏ရည်ရွယ်ချက်ကို ပေါလုရှင်းပြခဲ့သည်။ ဂလာတိပြည်ရှိ မိစ္ဆာဆရာများက ဘုရားသခင် ရှေ့တော်၌ ဖြောင့်မတ်ခြင်းသည် ဘုရားသခင်၏ပညတ်တော်ကို နာခံခြင်းအားဖြင့်ရရှိသည်ဟု တိုက်တွန်းကြသည်။ သို့သော် ကျွန်ုပ်တို့မြင်ခဲ့ရသည့်အတိုင်း၊ တရားမျှတခြင်း သို့မဟုတ် ဖြောင့်မတ်ခြင်း သည် ယုံကြည်ခြင်းတစ်ခုတည်းဖြင့် ရရှိသည်ဟု ပေါလုအခိုင်အမာဆိုခဲ့သည်။ သို့ဖြစ်လျှင် ဘုရားသခင်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သည် သူ၏ပညတ်တရားကို မောရှေအားဖြင့်အဘယ်ကြောင့် ပေးခဲ့သနည်း။ ဂလာတိ ၃:၁၇-၁၉ တွင် ပေါလုဖော်ပြထားသည်မှာ_

> ငါဆိုသည်ကား၊ ခရစ်တော်ကိုရည်မှတ်၍ ဘုရားသခင်တည် စေတော်မူနှင့်သော ပဋိညာဉ်တရားကို အနှစ်လေးရာသုံးဆယ်လွန်ပြီးမှ နောက်ဖြစ်သော ပညတ်တရားသည်မပယ်နိုင်။ ဂတိတော်ကို အချည်းနှီးမဖြစ်စေနိုင်။... သို့ဖြစ်၍ ပညတ်တရားသည် အဘယ်အကျိုးရှိသနည်းဟူမူကား၊ ဂတိတော်ကိုခံသော မျိုးအနွယ်မဖြစ်မှီ တိုင်အောင်၊ ဒုစရိုက်များကြောင့် ထိုတရားကို ထပ်၍ ပေးတော်မူ၏။ ထိုတရားကိုကောင်းကင်တမန်များအား ဖြင့်အာမခံ၏လက်၌ ထားတော်မူ၏ (ဂလာတိ ၃:၁၇-၁၉)။

မောရှေအားဖြင့် ဣသရေလလူမျိုးနှင့် ဘုရားသခင်ပြုသောပဋိညာဉ်ကို အာဖြဟံနှင့်ပဋိညာဉ်ပြုပြီးနောက် အနှစ် ၄၃၀ ခန့်အကြာတွင် မိတ်ဆက်ခဲ့သည်။ သို့သော် မောရှေ၏ပညတ်တရားသည် အာဖြဟံခေတ်တွင် တည်ဆောက်ခဲ့သော ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းနည်းလမ်းကို ပျက်ပြယ်စေခဲ့သည်မဟုတ်ကြောင်း ပေါလုအခိုင်အမာဆိုသည်။ ယင်းအစား၊ ဤနေရာတွင်ပေါလုဖော်ပြထားသည့်အတိုင်း၊ ဣသရေလတို့၏အပြစ်များကိုဖြေရှင်းရန်နှင့် အာဖြဟံ၏အမျိုးအနွယ်ကြီးခရစ်တော်—သို့မဟုတ်“အမျိုးအနွယ်”ဟု မကြာခဏအနက်ပြန်ဆိုထားသည် —ကြွလာမည့်နေ့အတွက် ပြင်ဆင်ထားရန် မောရှေ၏ပညတ်တရားကို ထပ်မံထည့်သွင်းထားသည်။ ပေါလုသည် ဤကျမ်းပိုဒ်တွင် များစွာဖော်ပြထားပြီဖြစ်၍၊ ၎င်းကို ဤသင်ခန်းစာနောက်ပိုင်းတွင် ပိုမိုပြည့်စုံစွာ ကျွန်ုပ်တို့ကြည့်ရှုပါမည်။ သို့သော် ဤအချိန်တွင်၊ မောရှေ၏ပညတ်သည် “[ဘုရားသခင်၏]ကတိတော်ကို ပျက်ပြယ်စေရန်အတွက်...[အာဖြဟံ] ၏ပဋိညာဉ်ကို ပျက်ပြယ်စေမည်မဟုတ်ကြောင်း” ပေါလုသည် ရဲရင့်စွာအခိုင်အမာဆိုသည်ကို သတိပြုရန် အရေးကြီးသည်။ သမ္မာကျမ်းစာသမိုင်းတွင် မောရှေ၏ပညတ်တရား၏အခန်းကဏ္ဍနှင့်ပတ်သက်၍ အခြားမည်သို့ပင်ဆိုစေကာမူ၊ ဘုရားသခင်၏ပညတ်တော်သည် အခြားကျမ်းစာများနှင့် ကိုက်ညီသည်ဟု ပေါလုယုံကြည်ခဲ့သည်။ မောရှေအားဘုရားသခင် ထုတ်ဖော်ပြသခဲ့သော ပညတ်တရားသည် အာဖြဟံအား ဘုရားသခင်ဖော်ပြခဲ့သည့်အရာနှင့် ဆန့်ကျင်ရန် မဖြစ်နိုင်ပေ။ ဂလာတိ ၃:၂၁ တွင် ပေါလု ရေးထားသကဲ့သို့ “သို့ဖြစ်၍ ပညတ်တရားသည် ဘုရားသခင်၏ဂတိတော်နှင့် ဆန့်ကျင်ဘက်ဖြစ်သလော။ ထိုသို့မဖြစ်နိုင်ရာ။"

ကမ္ဘာဦးကျမ်းပါ အာဖြဟံ၏ဇာတ်လမ်းများက ဘုရားသခင်သည် မောရှေလက်ထက်တွင် သူ၏အမိန့်တော်များကို နာခံရန် တောင်းဆိုသကဲ့သို့၊ အာဖြဟံခေတ်တွင် ကောင်းသောအကျင့်ကျင့်ရန် သို့မဟုတ် သူ၏အမိန့်တော်များကို နာခံရန် အလိုရှိကြောင်းရှင်းလင်းစွာ ဖော်ပြသည်။ သို့သော် ဂလာတိပြည်ရှိ မိစ္ဆာဆရာများသည် နာခံခြင်းနှင့်ပတ်သက်သည့် အရေးကြီးသောအချက်ကို လျစ်လျူရှုခဲ့ကြသည်။ အာဖြဟံ၊ မောရှေနှင့်ပြုသောဘုရားသခင်၏ပဋိညာဉ်များတွင်တွေ့ရသည်မှာ—သမ္မာကျမ်းစာတစ်အုပ်လုံး၌ကဲ့သို့— ဘုရားသခင်၏အမိန့်တော်များကို နာခံခြင်းသည် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်ခြင်းရရှိရန် နည်းလမ်းမဟုတ်ပါ။ ၎င်းသည် ယုံကြည်ခြင်းအားဖြင့် မိမိတို့ရရှိသော အခမဲ့



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖြောင့်မတ်ခြင်းဆုကျေးဇူးအတွက် ကျေးဇူးတင်ကြောင်း စစ်မှန်သောယုံကြည်သူများ ဖော်ပြသည့် နည်းလမ်းဖြစ်သည်။ ပညတ်တရားသည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းကို ဖျက်သိမ်းရန် ထည့်သွင်းခြင်းမဟုတ်ဘဲ ခရစ်တော်ထံ ပို့ဆောင်ရန်ဖြစ်သည်။ သို့ဆိုလျှင်၊ အာဗြဟံအားပေးသော ဘုရားသခင့်ကတိတော်၏အမွေခံ မည်သူဖြစ်လာနိုင်သနည်း။

**အာဗြဟံအမျိုးအနွယ်။** ပေါလု၏ဖော်ပြချက်ပဉ္စမပိုင်း၌၊ အာဗြဟံ၏ စုံလင်ဖြောင့်မတ်သော သားတော်၊ သူ၏စစ်မှန်သောအမျိုးအနွယ်၊ အမွေဆက်ခံသူခရစ်တော်နှင့်သက်ဆိုင်သူတိုင်းအား ဘုရားသခင်၏ကောင်းချီးမင်္ဂလာကိုပေးကြောင်း ရှင်းလင်းစွာဖော်ပြထားသည်။ ဂလာတိ ၃:၁၆၊ ၂၉ တွင် ပေါလုရေးခဲ့သည်မှာ_

> ဂတိတော်တို့ကို အာဗြဟံနှင့် သူ၏အမျိုးအနွယ်၌ ထားတော်မူ၏။
> အမျိုးအနွယ်တို့ဟု အများသောသူ တို့ကိုရည်မှတ်၍ မိန့်တော်မူသည်မဟုတ်။
> သင်၏အမျိုးအနွယ်ဟု တယောက်သောသူကို ရည်မှတ်၍ မိန့်တော်မူ၏။
> ထိုတယောက်သောသူကား ခရစ်တော်ဖြစ်သတည်း။ ခရစ်တော်နှင့်စပ်ဆိုင်လျှင်
> အာဗြဟံ၏အမျိုးအနွယ်ပင်ဖြစ်၍၊ ဂတိတော်အတိုင်း အမွေခံ၏အရာ၌
> တည်ကြ၏ (ဂလာတိ ၃:၁၆၊ ၂၉)။

၂၂:၁၈ တွင် ကမ္ဘာဦးကျမ်းမှတ်တမ်းကို ပေါလုဖတ်ကြားစဉ်၊ ဟေဗြဲစကားလုံး *zera* (זֶרַע) — ဤနေရာတွင် “အမျိုးအနွယ်” ဟုပြန်ဆိုထားသည် — မှာ အနည်းကိန်းဖြစ်ပြီး၊ အများကိန်းမဟုတ်ကြောင်း မှတ်သားခဲ့သည်။ ဘုရားသခင်၏ကောင်းချီးမင်္ဂလာသည် အာဗြဟံထံဦးဆုံးရောက်လာပြီးနောက်၊ ဘုရားသခင်ရွေးချယ်ထားသောအမျိုးအနွယ်ဖြစ်သော သားဣဇာက်မှတစ်ဆင့် အနာဂတ်မျိုးဆက်များဆီသို့ ရောက်ရှိလာသည်။ ဤအကြောင်းကြောင့်၊ အာဗြဟံ၏အမွေသည် အာဗြဟံ၏ သားသမီးတစ်ဦးချင်းထံသို့ မရောက်သော်လည်း၊ နောက်တော်သို့လိုက်သောသူတို့၏ ကိုယ်စားပြုခေါင်းဆောင်ဖြစ်သော ဣဇာက်ထံသို့ ရောက်သွားခဲ့သည်။ နောက်ဆုံးသောကာလ၌ ခရစ်တော်၏ ပေါ်ထွန်းခြင်းတွင်၊ ခရစ်တော်သည် ဘုရားသခင့်လူမျိုး၏ကိုယ်စားပြုခေါင်းဆောင်နှင့် အာဗြဟံ၏ နောက်ဆုံးအမွေဆက်ခံသူ သို့မဟုတ် အမျိုးအနွယ်ဖြစ်ကြောင်း ပေါလုသိခဲ့သည်။ ခရစ်တော်သည် အာဗြဟံအား ပေးထားသည့်ကတိအားလုံး၏အမွေခံဖြစ်ပြီး၊ ခရစ်တော်နှင့်စပ်ဆိုင်သော ယုဒလူနှင့် တစ်ပါးအမျိုးသားတိုင်းသည် အာဗြဟံ၏ထာဝရကယ်တင်ခြင်းအမွေကို ရရှိမည်ဖြစ်သည်။ ဤနည်းလမ်းအားလုံးတွင်၊ ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို ခံယူကာ၊ အာဗြဟံ၏စံနမူနာကို လိုက်လျှောက်သူများသာ ဖြောင့်မတ်ခြင်းရရှိကြောင်း ပေါလု သက်သေပြခဲ့သည်။ ကယ်တင်ခြင်းသည် ပညတ်တရား၏အကျင့်အားဖြင့်မဟုတ်ဘဲ၊ ဘုရားသခင်၏ ကတိတော်များကို ယုံကြည်ခြင်းအားဖြင့်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

## မျက်မှောက်အတွေ့အကြုံ (၄:၁၂-၂၀)

ဂလာတိဩဝါဒစာ၏ကနဦးကယ်တင်ခြင်းအတွေ့အကြုံနှင့် အာဗြဟံ၏ယုံကြည်ခြင်းဆိုင်ရာ ကျမ်းစာမှတ်တမ်းနှင့်ပတ်သက်သည့် ဓမ္မပညာဆိုင်ရာအထောက်အထားများကိုပေးပြီးနောက်၊ ပေါလုသည် ဂလာတိလူများ၏မျက်မှောက်အတွေ့အကြုံကို ဂလာတိ ၄:၁၂-၂၀ တွင်ဖော်ပြခဲ့သည်။ ၄:၁၅၊ ၁၆ တွင် သူရေးထားသည်ကို နားထောင်ပါ_

> သို့ဖြစ်လျှင် သင်တို့ခံရသောမင်္ဂလာကား အဘယ်မင်္ဂလာနည်း။...ယခုမူကား၊ ငါသည်သမ္မာတရားကို သင်တို့အား ဟောပြောသောကြောင့် သင်တို့၏ရန်သူ ဖြစ်သလော (ဂလာတိ ၄:၁၅-၁၆)။

ဤတွင်၊ ပေါလုသည် ဂလာတိလူတို့၏ဝိညာဉ်ရေးသုခအတွက် အလွန်စိုးရိမ်ကြောင်းဖော်ပြပြီး၊ သူတို့၏စိတ်ပျက်ဖွယ်ဝိညာဉ်ရေးအခြေအနေကို မီးမောင်းထိုးပြခဲ့သည်။ ကယ်တင်ခြင်းသည် ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့်သာဖြစ်သည်ဟူသော သတင်းကောင်းကို ဂလာတိလူတို့ စွန့်ခွာကြသောအခါ၊ ဂလာတိ ၅:၂၂ အရ သန့်ရှင်းသောဝိညာဉ်တော်၏အကျိုးဖြစ်သောဝမ်းမြောက်ခြင်းကို သူတို့ဆုံးရှုံးခဲ့ကြသည်။ ဤဆုံးရှုံးမှုတစ်ခုတည်းက ပေါလုအားဆန့်ကျင်သူများ၏သွန်သင်ချက်တွင် မှားယွင်းမှုတစ်ခုရှိနေကြောင်း ဂလာတိလူတို့အား သတိပေးသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာတွင် လမ်းကြောင်းမှန်ပေါ်ရောက်နေခြင်းရှိမရှိကို အကဲဖြတ်ရန် နည်းလမ်းများစွာရှိပါသည်။ ပေါလုသည် ဂလာတိလူများအား ဤနည်းလမ်းများထဲမှ တစ်ခုဖြစ်သော—သန့်ရှင်းသောဝိညာဉ်တော်၏ဝမ်းမြောက်ခြင်းကို မီးမောင်းထိုးပြခဲ့သည်။ ယခု၊ ပေါလုကဂလာတိအသင်းတော်များသည် ပျော်ရွှင်မှုနှင့် ဝမ်းမြောက်ခြင်းကို မည်သည့်နည်းဖြင့်မဆို ရှာဖွေသင့်သည်ဟု မဆိုလိုပါ။ သခင်ယေရှုပင်လျှင် အချိန်တိုင်း ဝမ်းမြောက်ခြင်းမရှိခဲ့ပါ။ သို့သော် သူတို့၏တစ်ချိန်က ပျော်ရွှင်စရာကောင်းသောအသင်းတော်များသည် ကွဲပြားခြင်းနှင့် ရန်တွေ့ခြင်းများကြောင့် အပိုင်းပိုင်းပြိုပျက်သွားသည်ကို အမှတ်ရစေလိုသည်။ သူတို့ထဲမှ အချို့သည် ပေါလု၏ရန်သူများပင်ဖြစ်နေသည်။ အသင်းတော်တွင် စည်းလုံးညီညွတ်မှု ဆုံးရှုံးခြင်းသည် တစ်စုံတစ်ခု မှားယွင်းနေကြောင်း ဖော်ပြသည်။ ဝမ်းမြောက်ခြင်းကို သူတို့ဆုံးရှုံးရခြင်းမှာ မှားယွင်းသောဧဝံဂေလိတရားကို စတင်ခံယူပြီး သူတို့၏အလယ်တွင် ဝိညာဉ်တော်၏အရှိန်ကို ငြိမ်းစေသောကြောင့်ဖြစ်သည်ဟု ပေါလုအကြံပြုခဲ့သည်။

## အာဗြဟံ၏မယားများနှင့် သားများ (၄:၂၁-၃၁)

ပေါလုသည် မိစ္ဆာဆရာများအား ငြင်းဆိုသည့်အမှုတော်ကိုဖော်ပြသည့် စတုတ္ထနည်းလမ်းမှာ ဂလာတိ ၄:၂၁-၃၁ တွင်တွေ့ရသော အာဗြဟံ၏မယားများနှင့်သားများ၏ကျမ်းစာမှတ်တမ်းကို အာရုံစိုက်ခြင်းအားဖြင့်ဖြစ်သည်။ အာဗြဟံတွင် သားနှစ်ယောက်ရှိသည်။ မယားစာရာအားဖြင့် ဣဇာက်၊ စာရာ၏ကျွန် ဟာဂရအားဖြင့် ဣရှမေလတို့ ဖြစ်သည်။ ဂလာတိ ၄:၂၄ တွင် ပေါလုက ဤမိခင်နှစ်ဦးနှင့်သားများကြား ခြားနားချက်များကို “ပဋိညာဉ်တရားနှစ်ပါး” ဟု မှတ်ချက်ပေးခဲ့သည်။ ယင်းကြောင့် ဤအာဗြဟံ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

၏မိခင်နှင့်သားများ အပြန်အလှန်ဆက်ဆံရေးသည် ဂလာတိလူတို့ လိုက်နာနိုင်သည့်လမ်းနှစ်သွယ်နှင့် သက်ဆိုင်သည်ဟု ဆိုလိုသည်။ ဘုရားသခင်၏ကတိတော်၌ ယုံကြည်ခြင်းလမ်းနှင့် ဇာတိပကတိလမ်းတို့ဖြစ်သည်။ တစ်ဖက်တွင်၊ အာဗြဟံသည် စာရာနှင့် ဣဇာက်မွေးဖွားခြင်းနှင့်ပတ်သက်၍ ယုံကြည်ခြင်းလမ်းကို လိုက်ခဲ့သည်။ အခြားတစ်ဖက်တွင်မူ၊ အာဗြဟံသည် ဟာဂရနှင့် ဣရှမေလတို့နှင့်ပတ်သက်၍ လူ့ဇာတိလမ်းကို လိုက်ခဲ့သည်။

ကမ္ဘာဦးကျမ်း ၁၅ အရ၊ ဘုရားသခင်သည် အာဗြဟံအား သူ၏ဇနီးစာရာအားဖြင့် အမွေဆက်ခံရန် ပဋိညာဉ်တစ်ရပ်ကို ကတိပြုပေးခဲ့သည်။ သို့သော် စာရာသည် အမြုံဖြစ်ပြီး ကလေးမွေးသည့်အရွယ်လွန်နေပြီဖြစ်သောကြောင့်၊ သူမမှတစ်ဆင့် အမွေဆက်ခံသူကို ရရှိလိမ့်မည်ဟူသည့် ဘုရားသခင်ပေးတော်မူသော ပဋိညာဉ်ကတိကို အာဗြဟံသည်ယုံကြည်ရန် လိုအပ်သည်။ ကိုယ်တော်၏နှုတ်ကပတ်တော်ပြည့်စုံစေရန် ဘုရားသခင်ကိုယုံကြည်ခြင်းအားဖြင့် စာရာသည်ဣဇာက်ကို မွေးဖွားခဲ့သည်။ ဣဇာက်သည် ကတိတော်သား၊ အာဗြဟံ၏အမွေဆက်ခံသူဖြစ်ပြီး သူ့နောက်၌ ယုံကြည်မည့်သူတိုင်းအတွက် ဘုရားသခင်၏ကောင်းချီးမင်္ဂလာပေးရာလမ်းကြောင်းဖြစ်သည်။ ဤသဘောအရ၊ ခရစ်တော်၏စစ်မှန်သော ဧဝံဂေလိတရားကို ယုံကြည်သူတိုင်းသည် ခရစ်တော်၌ ဘုရားသခင်၏ကတိတော်များကို ယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းသို့ ရောက်ကြသည်။ ပေါလုက ၄င်းကို ၄:၂၆ တွင်ဖော်ပြထားသကဲ့သို့၊ ခရစ်တော်ကိုယုံကြည်သူများသည် ယခုခရစ်တော်စိုးစံရာ ကောင်းကင်ဘုံရှိ"ယေရုရှလင်မြို့" နှင့်သက်ဆိုင်သည်။ ၎င်းသည် ခရစ်တော်သည် ဘုန်းအသရေဖြင့် ကြွဆင်းလာသောအခါ မြေကြီးပေါ်သို့ ယူဆောင်လာမည့် ယေရုရှလင်မြို့သစ်ဖြစ်သည်။

သို့သော် ကမ္ဘာဦးကျမ်း ၁၆ က ကျွန်ုပ်တို့အား ပြောပြသည့်အတိုင်း၊ ဣဇာက်မမွေးဖွားမီတွင်၊ အာဗြဟံသည် ဘုရားသခင်ပေးမည့် ကတိတော်သားကို စောင့်မျှော်ခြင်း၌ ငြီးငွေ့လာခဲ့သည်။ ထို့ကြောင့် သူသည် ကလေးရနိုင်ရန် စာရာ၏ကျွန်ဟာဂရထံ သွားခဲ့သည်။ အာဗြဟံသည်ယုံကြည်ခြင်း၌ ယိမ်းယိုင်သွားကာ လူသား၏ဇာတိပကတိကြိုးစားအားထုတ်မှုဖြင့် သူ၏အမွေအနှစ်ကို လုံခြုံစေရန် ကြိုးပမ်းခဲ့သည်။ ဟာဂရသည် ဣရှမေလကို ဘွားမြင်ခဲ့သော်လည်း၊ ဣရှမေလသည် ဇာတိသားဖြစ်သည်။ ထို့ကြောင့်၊ ဘုရားသခင်သည် အာဗြဟံ၏အမွေဆက်ခံသူအဖြစ် သူ့ကိုငြင်းပယ်ခဲ့ပြီး၊ သူသည် ဇာတိပကတိကို ကယ်တင်ခြင်းလမ်းစဉ်အဖြစ် ရှုမြင်သူအားလုံးကို ကိုယ်စားပြုရန် ရောက်လာခဲ့သည်။ ဤသဘောအရ၊ မောရှေ၏ပညတ်တရားသည် လူ့ထိုက်တန်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းကိုပေးသည်ဟု မှားယွင်းစွာယုံကြည်သူတိုင်းသည် မြေကြီးပေါ် ရှိ "ယခုယေရုရှလင်မြို့" ၏အစိတ်အပိုင်းဖြစ်သည်။ ပေါလုခေတ်တွင်၊ ယေရုရှလင်မြို့သည် ပွင့်လင်းစွာပုန်ကန်မှုနှင့် အရေဖြဲတရားစီရင်ရေးဝါဒစိုးမိုးသည့်မြို့ — အေဒီ ၇၀ တွင် ဘုရားသခင်၏တရားစီရင်ခြင်းကိုခံရသည့်မြို့ဖြစ်သည်။ အာဗြဟံ၏မယားများနှင့် သားတို့ကြားဤခြားနားမှုကို ဖော်ထုတ်ပြီးနောက်၊ ပေါလုသည် ဂလာတိ ၄:၃၁ တွင် ဤသို့နိဂုံးချုပ်ခဲ့သည်_

> ယခုတွင်ညီအစ်ကိုတို့၊ ငါတို့သည် ကျွန်မ၏သားမဟုတ်၊ ကျွန်မမဟုတ်သော မိန်းမ၏သားဖြစ်ကြ၏ (ဂလာတိ ၄:၃၁)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်၏ကတိတော်ကို ယုံကြည်ခြင်းသည် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်ခြင်းနှင့် ဘုရားသခင်၏တရားစီရင်ခြင်းမှ လွတ်မြောက်ခြင်းအတွက် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ အာဗြဟံခေတ်ကဲ့သို့ပင်၊ ခေတ်အဆက်ဆက်ရှိ ယုံကြည်သူများသည် မိစ္ဆာဆရာများချီးမြှောက်သကဲ့သို့ မိမိ၏ထိုက်တန်ခြင်းကြောင့်မဟုတ်ဘဲ ဘုရား၏ကတိတော်များကို ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်စွာ အသက်ရှင်ရန် အခွင့်အာဏာရရှိကြသည်။

ထို့ကြောင့်၊ ဂလာတိဩဝါဒစာ၏စတုတ္ထအဓိကအပိုင်းတွင်၊ ယုံကြည်သူများသည် ယုံကြည်ခြင်း တစ်ခုတည်းဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်ကြောင်းရှင်းပြရန် ပေါလုသည် အဓိကဖော်ပြချက် လေးခု သို့မဟုတ် ဓမ္မပညာဆိုင်ရာအထောက်အထားများကို တင်ပြခဲ့သည်ကို ကျွန်ုပ်တို့တွေ့မြင်ရပါ သည်။ အခန်းကြီး ၁–၄ ၏အကြောင်းအရာကိုစိတ်ထဲမှတ်ထားခြင်းဖြင့်၊ ကျွန်ုပ်တို့သည် ဂလာတိဩဝါဒ စာ၏နောက်ဆုံးအဓိကအပိုင်းဖြစ်သည့်_၅:၁–၆:၁၀ ပါ သူ၏လက်တွေ့ကျသောတိုက်တွန်းချက်ကို အကျဉ်းချုပ်ဖော်ပြပါမည်။ ဤအခန်းများတွင်၊ ဂလာတိပြည်၌ ဖြစ်ပွားခဲ့သော မိစ္ဆာဆရာများ၏ ပြဿနာများစွာကို ပေါလုဖော်ပြခဲ့သည်။

# လက်တွေ့ကျသော တိုက်တွန်းချက်များ (၅:၁–၆:၁၀)

ဤအခန်းငယ်များတွင် လက်တွေ့ကျသော တိုက်တွန်းနှိုးဆော်ချက်များစွာကို ပေါလုဖော်ပြထား သော်လည်း၊ ဤနေရာတွင် သူ၏အတွေးအမြင်များကို အဓိကခေါင်းစဉ်သုံးခုအောက်တွင် အကျဉ်းချုပ် နိုင်သည်_ ခရစ်တော်၌ တာဝန်ခံမှုရှိသောလွတ်မြောက်မှု ၅:၁-၁၅၊ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုး တော် ၅:၁၆-၂၆၊ ဘုရားသခင်၏တရားစီရင်ခြင်း ၆:၁-၁၀ ဖြစ်သည်။ ခရစ်တော်၌ တာဝန်ခံမှုရှိသောလွတ် မြောက်မှုအပေါ် ပေါလု၏အလေးပေးချက်ကို ဦးစွာကြည့်ကြပါစို့။

## ခရစ်တော်၌ လွတ်မြောက်ခြင်း (၅း၁-၁၅)

၅:၁-၁၅ တွင် ပေါလုက ဂလာတိလူတို့အား ခရစ်တော်၌ ၎င်းတို့၏လွတ်မြောက်မှုကို သစ္စာစောင့် သိရန် တောင်းဆိုခဲ့သည်။ သူ၏ရပ်တည်ချက်သည် ဟန်ချက်ညီသည်။ ပထမ၊ ခရစ်ယာန်လွတ်မြောက်မှု ကို ထိန်းသိမ်းရန် လိုအပ်ကြောင်း သူအလေးပေးဖော်ပြခဲ့သည်။ ၅:၁ တွင်တွေ့ရသော သူ၏စကားများကို နားထောင်ကြည့်ပါ_

> ထို့ကြောင့် ခရစ်တော်သည် ငါတို့ကိုလွှတ်တော်မူသော
> လွှတ်ခြင်းအခွင့်၌တည်နေသဖြင့်၊ ကျွန်ခံရာ ထမ်းဘိုးကိုထမ်း၍
> ချည်နှောင်ခြင်းကို တဖန်မခံကြနှင့်။ (ဂလာတိ ၅:၁)။

သူ၏ပထမသာသနာပြုခရီးစဉ်တွင် ပေါလုသည် တစ်ပါးအမျိုးသားများအား ယုဒတရားစီရင်ရေး ဝါဒ၏ချည်နှောင်ခြင်းမှ လွတ်မြောက်စေပြီး၊ ခရစ်ယာန်ယုံကြည်ခြင်းထဲသို့ ခေါ်ဆောင်ခဲ့သည်။ သူသည် သူတို့အား ခရစ်တော်၌လွတ်မြောက်နေစေချင်သည်။ ဂလာတိ ၅:၂-၃ တွင် ပေါလုရေးခဲ့သည်မှာ_



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ငါပေါလုဆိုသည်ကား၊ သင်တို့သည် အရေဖျားလှီးခြင်းကိုခံလျှင်၊ ခရစ်တော်အားဖြင့် အဘယ်အကျိုး ကိုမျှမရနိုင်ကြ။ အရေဖျားလှီးခြင်းကို ခံသောလူအပေါင်းတို့အား ငါတဖန်သက်သေခံသည်ကား၊ ထိုသို့သောသူသည် ပညတ်တရားကို အကြွင်းမဲ့ကျင့်အံ့သောငှါ ကြွေးတင်သောသူဖြစ်၏ (ဂလာတိ ၅:၂-၃)။

ဂလာတိပြည်ရှိမိစ္ဆာဆရာများသည် ထိုနေရာရှိခရစ်ယာန်များအား အရေခြံခြင်းဆိုင်ရာ တရားစီရင်ရေးစနစ်တစ်ခုကို မိတ်ဆက်ပေးခဲ့သည်။ သူတို့သည် ဂလာတိယုံကြည်သူများအား ခရစ်တော်ကို နာခံခြင်းထက် ပညတ်တရားအပေါ် အားကိုးရန် သွန်သင်ခဲ့သည်။ သို့သော် အရေဖျားလှီးခြင်း၏လိုအပ်ချက်ကို သွန်သင်ပေးခြင်းဖြင့်၊ သူတို့သည် ဤခရစ်ယာန်များကို ဖြည့်ဆည်းရန်မဖြစ်နိုင်သောစံနှုန်းဖြစ်သည့် ပညတ်တရားတစ်ခုလုံးကို အပြည့်အဝနာခံရန် တာဝန်ရှိသည်ဟု ဆိုသည်။ ထို့ကြောင့်၊ ဂလာတိလူတို့သည် အရေးကြီးသောရွေးချယ်မှုတစ်ခု လုပ်ဆောင်ခဲ့ရသည်။ သူတို့သည် ပညတ်တရားတစ်ခုလုံးကို မစောင့်ထိန်းနိုင်ခြင်းကြောင့် ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်း၏လွတ်မြောက်မှုကို ၎င်းသို့မဟုတ် အပြစ်တရား၏ချည်နှောင်ခြင်းကို၎င်း ရွေးချယ်နိုင်သည်။ တစ်ဦးသည် ကယ်တင်ခြင်းသို့ ဦးတည်စေခဲ့ပြီး၊ နောက်တစ်ဦးသည် တရားစီရင်ခြင်းသို့ဦးတည်စေခဲ့သည်။ သို့တိုင်၊ ပေါလုသည် ခရစ်ယာန်လွတ်မြောက်မှုကို ခုခံကာကွယ်ရာတွင် ခရစ်ယာန်ကိုယ်ကျင့်တရားဆိုင်ရာတာဝန်ရှိမှုကို ခိုင်ခံ့စွာ အတည်ပြုခြင်းဖြင့် ဟန်ချက်ညီစေခဲ့သည်။ ဘုရားသခင့်ကိုယ်ကျင့်တရားဆိုင်ရာပညတ်တရားကို လျစ်လျူရှုရန်အတွက်၊ ယုဒလူမျိုး၏ရိုးရာဓလေ့များမှ ၎င်းတို့၏ခရစ်ယာန်လွတ်မြောက်မှုကို လိုင်စင် တစ်ခုအဖြစ် အသုံးမပြုရန် ဂလာတိလူများအား သူသတိပေးခဲ့သည်။ ၅:၁၃ ၌သူရေးသားခဲ့သည်မှာ–

> ညီအစ်ကိုတို့၊ သင်တို့သည်လွှတ်ခြင်းအခွင့်ကို ရသောသူဖြစ်ကြ၏။ သို့သော်လည်း ဇာတိပကတိအား အခွင့်ကိုပေး၍၊ ထိုလွှတ်ခြင်းကို မသုံးကြနှင့် (ဂလာတိ ၅:၁၃)။

ခရစ်တော်သည် ဂလာတိခရစ်ယာန်များကို ဖြောင့်မတ်စွာအသက်ရှင်ခြင်းနှင့် အခွင့်အာဏာအတွက် ပညတ်တရား၏ချည်နှောင်ခြင်းမှ လွတ်မြောက်စေခဲ့သည်။ သို့တိုင်၊ ပေါလုက ၎င်းတို့၏ လွတ်လပ်မှုတွင် ပညတ်တရား၏အခြေခံအုတ်မြစ်ဖြစ်သည့် ဘုရားသခင်၏သန့်ရှင်းသောစရိုက်လက္ခဏာကိုချိုးဖောက်ရန် လွတ်လပ်ခွင့်ပါဝင်သည်ဟု ဂလာတိလူတို့အား မထင်စေလိုပါ။

> ရုတ်တရက် ကျွန်ုပ်သိလိုက်ရသည်မှာ "အိုး၊ ကယ်တင်ခြင်းရဖို့ရန် ပညတ်တရားကို လိုက်နာရန်မလို။ အိုး၊ ဖြောင့်မတ်ခြင်းတရားသည် ပညတ်တရားနှင့်မသက်ဆိုင်"ထို့ပြင်… "ကျွန်ုပ်ဘာမှလုပ်ရန်မလို။ ကျွန်ုပ်လုပ်ချင်တာကို လုပ်နိုင်သည်။ စည်းကမ်းသတ်မှတ်ချက်မရှိ။ ၎င်းသည်ကောင်း၏။ ကျွန်ုပ်သည် မိမိကိုယ်ကို ဂရုစိုက်နိုင်သည်။" သို့သော်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ၎င်းသည် ကျွန်ုပ်တို့အချင်းချင်းနှင့် ဘုရားသခင်အတွက် လွတ်မြောက်ပြီး ဖြစ်သည်ဟူသည့်အချက်ကို လွဲသွားစေသည်။ ၎င်းသည် ကျွန်ုပ်တို့နှင့် မသက်ဆိုင်တော့ပါ၊ အဘယ်ကြောင့်ဆိုသော်ကျွန်ုပ်တို့သည် ဖြောင့်မတ်ရန်အတွက် "ပြုလုပ်ရန်"မလိုအပ်သောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့သည် ဖြောင့်မတ်သောကြောင့် ကျွန်ုပ်တို့၏အနာဂတ်၊ ပြန်လည်တည်ဆောက်ခြင်း၊ စိတ်နှလုံးကိုအပြည့်အဝသန့်ရှင်းစင်ကြယ်စေခြင်း တို့ကို ရှုမြင်နိုင်သည်၊ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူရှိသောကြောင့် ဘုရားသခင်ဖန်ဆင်းခဲ့သည့်အတိုင်း၊ ဘုရားသခင်ခေါ်တော်မူသည့်အတိုင်းဖြစ်ရန် ကျွန်ုပ်တို့လုပ်ဆောင်နိုင်သည်။

**Dr Tim Sansbury**

## သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုး (၅း၁၆-၂၆)

ခရစ်တော်၌လွတ်မြောက်မှုနှင့် ဖြောင့်မတ်သောအသက်ရှင်ခြင်းဆီသို့ ဤမျှတသောဦးတည်ချက်ကို ထားရှိခြင်းဖြင့်၊ ပေါလုသည် ဂလာတိ ၅:၁၆-၂၆ တွင် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုး၏အရေးပါပုံကို ဖော်ပြခဲ့သည်။ လူသား၏ကြိုးစားအားထုတ်မှုအပေါ်အခြေခံ၍ အရေခြုံတရားစီရင်ရေးဝါဒဖြင့်သာမဟုတ်ပါက ဂလာတိလူတို့သည် အပြစ်ကိုတွန်းလှန်ရန် မည်သို့အခွင့်အာဏာရနိုင်မည်နည်း။ ပေါလု၏အဆိုအရ၊ ယုံကြည်သူတိုင်းသည် အခွင့်အာဏာအတွက် ဇာတိပကတိကိုအားကိုးသည်ထက် သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းအပေါ် အားကိုးရမည်ဖြစ်သည်။ ၅:၁၆၊ ၂၅ တွင် သူမည်သို့ ဆိုထားသည်ကို နားထောင်ကြည့်ပါ_

> ငါပညတ်သည်ကား၊ ဝိညာဉ်ပကတိအတိုင်းကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ဇာတိပကတိ၏အလိုသို့ မလိုက်ဘဲနေကြလိမ့်မည်။...သို့ဖြစ်၍ ငါတို့သည် ဝိညာဉ်ပကတိကြောင့် အသက်ရှင်လျှင်၊ ဝိညာဉ်ပကတိအတိုင်းကျင့်ကြကုန်အံ့ (ဂလာတိ ၅:၁၆၊ ၂၅)။

ပေါလု၏အမြင်အရ၊ ခရစ်တော်၌ သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်နေထိုင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ ဘုရားသခင်၏ဝိညာဉ်တော်ကို အားကိုးပြီး လိုက်နာရန်ဖြစ်သည်။ ပေါလုသည် သန့်ရှင်းသောဝိညာဉ်တော်အား သမ္မာကျမ်းစာ၏ကျင့်ဝတ်ဆိုင်ရာသွန်သင်ချက်များကိုကျော်လွန်၍ သို့မဟုတ် ဆန့်ကျင်၍ မည်သည့်အခါမှ မသတ်မှတ်ကြောင်း အမြဲသတိရရန် အရေးကြီးသည်။ ပေါလုအတွက်၊ ဝိညာဉ်တော်အားဖြင့် အသက်ရှင်နေခြင်းသည် ဘုရားသခင်ရေးသားထားသော ဗျာဒိတ်တော်နှင့် ခွဲခွါ၍မရနိုင်ပါ။ ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းများတွင် ဖော်ပြထားသည့်အတိုင်း၊ ဘုရားသခင်၏ဝိညာဉ်တော်သည် ဘုရားသခင်၏လူများကို ရေးသားထားသော နှုတ်ကပတ်တော်အတိုင်း အသက်ရှင်ရန်အစဉ်ပို့ဆောင်ပေးသည်။ သို့သော် ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်းသည် ရေးထားသောစာများ၏

သွန်သင်ချက်ကို လိုက်နာရန်မျှသာမဟုတ်ပါ။ ၎င်းတွင် ဘုရားသခင် မိန့်မှာထားသည်များကို ဖြည့်ဆည်းရန် ဝိညာဉ်တော်၏တန်ခိုးအပေါ် သတိရှိစွာ မှီခိုခြင်းလည်း ပါဝင်သည်။ ဘုရားသခင်၏ဝိညာဉ်တော်အပေါ် မှီခို၍၊ ကျွန်ုပ်တို့သည် ဇာတိပကတိ၏အလိုဆန္ဒများကို ဖြည့်ဆည်းမည်မဟုတ်ပါ။

## ဘုရားသခင်၏တရားစီရင်ခြင်း (၆း၁-၁၀)

သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် ခရစ်တော်၌လွတ်မြောက်ခြင်းအတွက် ပေါလု၏ တိုက်တွန်းချက်အပြင်၊ ပေါလုသည် ဘုရားသခင်၏တရားစီရင်ခြင်းအကြောင်းပြောခြင်းဖြင့် သူ၏ လက်တွေ့ကျသောကိစ္စရပ်များကို အကျဉ်းချုပ်ဖော်ပြခဲ့သည်။ ၆:၇-၉ ပါ သူ၏လေးနက်သောသတိပေးချက်ကို နားထောင်ကြည့်ပါ_

> အလွဲမယူကြနှင့်။ ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကို ခံတော်မမူ။ လူသည်မျိုးစေ့ကြဲသည်အတိုင်း အသီးအနှံကိုရိတ်ရလိမ့်မည်။ မိမိဇာတိပကတိ၌ မျိုးစေ့ကြဲသောသူသည် ဇာတိပကတိအားဖြင့် ပုပ်ပျက်ခြင်းအသီးအနှံကို ရိတ်ရလိမ့် မည်။ ဝိညာဉ်ပကတိ၌ မျိုးစေ့ကြဲသောသူသည် ဝိညာဉ်ပကတိအားဖြင့် ထာဝရအသက်ရှင်ခြင်း အသီးအနှံကို ရိတ်ရလိမ့်မည်။ ငါတို့သည် အားမလျော့၊ စိတ်မပျက်ဘဲ ကောင်းသောအကျင့်ကို ကျင့်ကြကုန်အံ့။ ထိုသို့တည်ကြည်၍ ကျင့်လျှင် အချိန်တန်သောကာလ၌ အသီးအနှံကို ရိတ်ရကြလိမ့်မည် (ဂလာတိ ၆:၇-၉)။

ပေါလုသည် ဂလာတိလူတို့၏အဆိုးစွန်သောကြမ္မာအတွက် အလွန်စိုးရိမ်နေခဲ့သည်။ ခရစ်တော်၌ ရှိသော စစ်မှန်သောယုံကြည်သူများ၏ကယ်တင်ခြင်းသည် မည်သည့်အခါမျှ မဆုံးရှုံးနိုင်ကြောင်း သူသိသည်။ သို့သော် ယုံကြည်ခြင်းကို ခံယူသူတိုင်းသည် ကယ်တင်ခြင်းပေးသောယုံကြည်ခြင်းရှိသူမဟုတ်ကြောင်းကိုလည်း သူသိသည်။ ထို့ကြောင့်၊ ဂလာတိအသင်းတော်များအား ရောက်ရှိလာမည့်ဘုရားသခင်၏ တရားစီရင်ခြင်းကို မမေ့ရန်သတိပေးခဲ့သည်။ ဤသတိပေးချက်သည် ကယ်တင်ခြင်းအတွက် ခရစ်တော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ကို အားကိုးရန် သူတို့ကို အားပေးလိမ့်မည်ဟု သူမျှော်လင့်ခဲ့သည်။

ဂလာတိဩဝါဒစာကို ဤအကျဉ်းချုပ်သုံးသပ်ချက်မှ၊ ပေါလုသည် ဂလာတိပြည်ရှိ မိစ္ဆာဆရာများကိုနည်းအမျိုးမျိုးဖြင့် ငြင်းဆိုခဲ့သည်ကို ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။ သူသည် ဂလာတိလူတို့ကို ပုဂ္ဂိုလ်ရေးအရမေတ္တာရပ်ခံချက်များနှင့် လေးနက်စွာစေ့စပ်ညှိနှိုင်းခဲ့ပြီး၊ စစ်မှန်သော ဧဝံဂေလိတရားကို ယုံကြည်ရန်နှင့် ယခင်က သူဟောပြောခဲ့သော ဧဝံဂေလိတရားအတိုင်း အသက်ရှင်နေထိုင်ရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။ အတိုချုပ်အားဖြင့်၊ ပေါလုသည်ဂလာတိလူတို့အား မိစ္ဆာဆရာများကို ငြင်းပယ်ရန်နှင့် အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းဆိုင်ရာ ဧဝံဂေလိတရားကို တစ်ဖန်လက်ခံရန် တိုက်တွန်းခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယခုအချိန်အထိ၊ ဂလာတိဩဝါဒစာ၏နောက်ခံသမိုင်း၊ အခြေခံဖွဲ့စည်းပုံနှင့် အကြောင်းအရာတို့ကို ကျွန်ုပ်တို့စူးစမ်းရှာဖွေခဲ့ပြီးဖြစ်သည်။ ယခု ဂလာတိဩဝါဒစာသည် ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအမြင်များကို မည်သို့ထင်ဟပ်စေသနည်းဟူသည့် တတိယအကြောင်းအရာကို ကြည့်ရန်အနေအထားတွင် ကျွန်ုပ်တို့ရှိနေပါသည်။

# ဓမ္မပညာဆိုင်ရာ အမြင်များ

အရေဖျားလှီးခြင်းကိုခံရန် တစ်ပါးအမျိုးသားများအားတောင်းဆိုသည့် မိစ္ဆာဆရာများ၏တောင်းဆိုချက်ကို ပေါလုမည်သို့ဖော်ပြခဲ့သည်ကို အလွယ်တကူတွေ့မြင်ရသော်လည်း၊ ယနေ့ခရစ်ယာန်အနည်းငယ်သာလျှင် အရေဖျားလှီးခြင်းနှင့်ပတ်သက်သောမေးခွန်းများကို ရင်ဆိုင်ကြရသည်။ ထို့ကြောင့်၊ ယနေ့ ဂလာတိဩဝါဒစာသည် ကျွန်ုပ်တို့နှင့် မည်သို့သက်ဆိုင်သနည်း။ ဂလာတိဩဝါဒစာသည် ခေတ်တိုင်းရှိ ခရစ်ယာန်များအတွက် မည်မျှအရေးကြီးသည်ကို သိရှိနိုင်ရန်၊ ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအချက်အပေါ် ၎င်းသည်မည်သို့ထင်ဟပ်စေသည်ကို ကြည့်ရှုရမည်ဖြစ်သည်။ ဂလာတိဩဝါဒစာတွင် ပေါလုရေးခဲ့သည့်အရာအားလုံးနီးပါးသည် ဂလာတိပြည်ရှိ မိစ္ဆာဆရာများက ခရစ်ယာန်ယုံကြည်ခြင်း၏အဓိကအချက်ဖြစ်သော ထာဝရတရားစီရင်ခြင်းနှင့် ကယ်တင်ရာနောက်ဆုံးသောကာလကို ယေရှုအစပြုခဲ့သည်ဟူသောအချက်ကိုအသိအမှတ်ပြုရန် ပျက်ကွက်ခဲ့ကြောင်း သူ၏ယုံကြည်ချက်အပေါ် အခြေခံထားသည်။

ပေါလု၏ဩဝါဒစာများတွင် တိကျသောသွန်သင်ချက်များနှင့် သူ၏အခြေခံအယူဝါဒစနစ်ကြားခွဲခြားသိမြင်နိုင်စေရန်ကူညီပေးသည့် ဤအခန်းဆက်သင်ခန်းစာရှိ ယခင်သင်ခန်းစာကို သင်မှတ်မိပါလိမ့်မည်။ ဂလာတိပြည်ရှိ မိစ္ဆာဆရာများသည် တစ်ပါးအမျိုးသားခရစ်ယာန်များအားအရေဖျားလှီးခြင်းကို ခံယူရန်ပြောသောကြောင့် ပေါလုသည်အကြိမ်ကြိမ် ဆုံးမခဲ့သည်။ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းနှင့်အရေဖျားလှီးခြင်းဆိုင်ရာ သီးခြားကိစ္စရပ်များကို ဆွေးနွေးရာတွင် သူသည် အချိန်များစွာအသုံးပြုခဲ့သည်။ သို့သော် ဘုရားသခင်ရှေ့တော်၌ အရေဖျားလှီးခြင်းနှင့် ဖြောင့်မတ်ခြင်းအကြောင်း ပေါလု၏တိုက်ရိုက်ဖော်ပြချက်သည် အမှန်တကယ်တွင် ပို၍အခြေခံကျသောဓမ္မပညာဆိုင်ရာခံယူချက်များကို ဖော်ပြနေခြင်းဖြစ်သည်။ ဂလာတိဩဝါဒစာပါ သူ၏သွန်သင်ချက်သည် နောက်ဆုံးသောကာလဆိုင်ရာ သူ၏အဓိကအမြင်များကို ကျင့်သုံးခြင်းဖြစ်သည်။

သခင်ယေရှုနှင့် ဓမ္မသစ်ကျမ်းရေးသူအားလုံးကဲ့သို့ပင်၊ နောင်ကာလသည် ခရစ်တော်၏အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းတို့ဖြင့် စတင်ခဲ့ကြောင်း တမန်တော်ပေါလုသွန်သင်ခဲ့သည်။ သို့သော် ခရစ်တော်သည် ဘုန်းအသရေဖြင့် ကြွလာတော်မမူမီတိုင်အောင်၊ ဤကာလ၏စုံစမ်းမှုများသည် လုံးဝကွယ်ပျောက်မည်မဟုတ်ကြောင်းကိုလည်း သူသွန်သင်ခဲ့သည်။ ဤသည်မှာ ခရစ်ယာန်များသည် “အမှုပြီးပြီ၊ မပြည့်စုံသေး” ဟုခေါ်သည့်အရာတွင်၎င်း၊ အပြစ်နှင့် သေခြင်း၏ကာလသည် နောင်လာမည့်

ထာဝရကယ်တင်ခြင်းကာလနှင့် ထပ်တူကျနေသည့်အချိန်တွင်၎င်း အသက်ရှင်နေထိုင်ရခြင်းကို ဆိုလိုပါသည်။

သို့သော် ဤကာလနှင့် နောင်ကာလသည် တစ်ပြိုင်နက်တည်း တည်ရှိနေသည်ဟူသောအချက်က ဂလာတိပြည်တွင် ကြီးမားသောပြဿနာများကို ဖြစ်ပေါ်စေခဲ့သည်။ ဂလာတိပြည်၏ အရေဖျားလှီးခြင်း၊ ဖြောင့်မတ်ခြင်းနှင့် ပတ်သက်သည့်အငြင်းပွားမှုများသည် အမှန်တကယ်တွင် အခြေခံပြဿနာတစ်ခု၏ လက္ခဏာဖြစ်သည်။ ဂလာတိပြည်၏ အခြေခံအမှားမှာ မိစ္ဆာဆရာများသည် ခရစ်တော်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် နောင်ကာလကို ပို့ဆောင်ပေးခဲ့သည့်အတိုင်းအတာအား ကြီးမားစွာ လျှော့တွက်ခဲ့ခြင်းပင်ဖြစ်သည်။ နောင်ကာလသည် မည်မျှအတိုင်းအတာရှိနေပြီကို သူတို့နားမလည်နိုင်ကြပါ။ ရလဒ်အနေဖြင့်၊ ဤမှားယွင်းသောသွန်သင်ချက်ကို "နောက်ဆုံးသောကာလနှင့်ပတ်သက်၍နားမလည်ခြင်း" ဟုခေါ်ဆိုနိုင်သည်၊ ၎င်းတို့၏အမြင်များသည် ခရစ်တော်၏ပထမကြွလာခြင်း၏အရေးပါမှုကို လျော့နည်းသွားစေသည်ဟု ဆိုလိုသည်။ ဤအမှားသည် ဂလာတိအသင်းတော်များရှိ ပြဿနာများ၏ အဓိကအချက် မည်သို့ဖြစ်နေသည်ကို ကျွန်ုပ်တို့မြင်သောအခါ၊ ဂလာတိဩဝါဒစာသည် ခေတ်တိုင်းတွင် ခရစ်ယာန်များနှင့် မည်သို့သက်ဆိုင်သည်ကို ပို၍ရှင်းလင်းစွာတွေ့မြင်နိုင်သည်။ ကျွန်ုပ်တို့၏အသက်တာထဲသို့ ခရစ်တော်သည် နောင်ကာလကိုမည်မျှသက်ရောက်စေသည်ကို လျှော့တွက်ရန် တစ်နည်းမဟုတ်တစ်နည်းအားဖြင့် ကျွန်ုပ်တို့အားလုံးသွေးဆောင်ခံရသည်။

ယခုတွင်၊ ပေါလုသည် ဂလာတိဩဝါဒစာ၏အပိုင်းတိုင်းတွင် မိစ္ဆာဆရာများ၏ "နောက်ဆုံးသောကာလနှင့်ပတ်သက်၍နားမလည်ခြင်း" ကိုတိုက်ခိုက်ခဲ့သည်။ သို့သော် ပေါလုသည် ဤပြဿနာအတွက် သူ၏ဓမ္မပညာဆိုင်ရာအဓိကအမြင်များကို ရှင်းလင်းစွာကျင့်သုံးခဲ့သည့် နယ်ပယ်ခြောက်ခုကို ကျွန်ုပ်တို့ အာရုံစိုက်ပါမည်။ ပထမ ခရစ်တော်အကြောင်း သူ၏ဖော်ပြချက်၊ ဒုတိယ ဧဝံဂေလိတရားအပေါ် သူ၏အာရုံစူးစိုက်မှု၊ တတိယ မောရှေ၏ပညတ်တရား၊ စတုတ္ထ ခရစ်တော်နှင့် ပေါင်းစည်းခြင်းဆိုင်ရာ အယူဝါဒ၊ ပဉ္စမ ခရစ်ယာန်အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်၍ သူ၏အလေးပေးမှုနှင့် ဆဋ္ဌမ အသစ်ပြုပြင်သော သတ္တဝါအယူဝါဒအတွက် သူ၏နောက်ဆုံးဖော်ပြချက်တို့ဖြစ်သည်။ စာအုပ်၏နိဒါန်းတွင်တွေ့ရသော ပေါလု၏ခရစ်တော်အကြောင်း ဖော်ပြချက်ကို ဦးစွာကြည့်ကြပါစို့။

## ခရစ်တော်

ဂလာတိ ၁:၃-၄ တွင်၊ ပေါလုသည် ယေရှုအကြောင်းဖော်ပြသောအခါ သူ၏နောက်ဆုံးသောနေ့ရက်များ သို့မဟုတ် နောက်ဆုံးသောကာလ၏အယူဝါဒကို ဤသို့ဖော်ပြခဲ့သည်_

> သခင်ယေရှုခရစ်နှင့် ခမည်းတော်ဘုရားထံတော်က ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင်တို့၌ ရှိပါစေသော။ ထိုသခင်သည် ငါတို့အဘတည်းဟူသော ဘုရားသခင်၏အလိုတော်နှင့်အညီ ဆိုးညစ်သော ဤပစ္စုပ္ပန်ဘဝမှ ငါတို့ကိုကယ်နှုတ်ခြင်းငှာ၊ ငါတို့အပြစ်ကြောင့် ကိုယ်ကိုကိုယ်အပ်ပေးတော်မူ၏ (ဂလာတိ ၁း၃-၄)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သွာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပေါလုသည် ဂလာတိလူများအတွက် ခမည်းတော်နှင့် ခရစ်တော်ထံမှ ကောင်းချီးမင်္ဂလာများ တောင်းရုံမျှသာမဟုတ်ကြောင်း သတိပြုပါ။ ယင်းအစား၊ ခရစ်တော်ကို ခမည်းတော်စေလွှတ်ရခြင်း၏ ရည်ရွယ်ချက်ကို သူအာရုံစိုက်ခဲ့သည်။ ဤနေရာတွင် ဖော်ပြထားတဲ့အတိုင်း၊ ယေရှုသည် "ဆိုးညစ်သော ဤပစ္စုပ္ပန်ဘဝမှ ကျွန်ုပ်တို့ကိုကယ်နှုတ်ခြင်းငှာ" စေလွှတ်ခြင်းခံရသည်။ "ဆိုးညစ်သောဤပစ္စုပ္ပန်ဘဝ" ဟူသောအသုံးအနှုန်းသည် ကျွန်ုပ်တို့ရင်းနှီးပြီးသားဖြစ်သော ယုဒအသုံးအနှုန်းများနှင့် ကိုက်ညီသည်။ "ဆိုးညစ်သောဤပစ္စုပ္ပန်ဘဝ"သည် မေရှိယကြွလာတော်မမူမီ အပြစ်တရားနှင့် တရားစီရင်ခြင်းကာလ ဖြစ်သည့် "ဤကာလ"နှင့်အဓိပ္ပါယ်တူညီသည်။ ထို့ကြောင့်၊ ဆိုးညစ်သောဤပစ္စုပ္ပန်ဘဝမှ ခရစ်ယာန်များ ကိုကယ်တင်ရန် မိမိကိုယ်ကိုပေးခဲ့သူအဖြစ် ခရစ်တော်ကိုဖော်ပြခြင်းဖြင့် ပေါလုသည် သူ၏သြဝါဒစာကို စတင်သောအခါ၊ ယေရှု၊ ခရစ်တော် သို့မဟုတ် မေရှိယသည် နောင်ကာလတွင်ခရစ်ယာန်များကို ကယ်တင်ရန်ကြွဆင်းလာကြောင်း ညွှန်ပြနေသည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ခရစ်တော်သည် ကမ္ဘာကြီး အတွက် ကြီးမားသောပြောင်းလဲမှုများကို ယူဆောင်လာခဲ့သည်။ ဂလာတိပြည်ရှိ မိစ္ဆာဆရာများသည် ယုံကြည်သူအများကို ဤကြီးမားသောပြောင်းလဲမှုများကို မျက်ခြေပြတ်စေခဲ့သည်။ ၎င်းသည် အထူးသ ဖြင့် အရေဖျားလှီးခြင်း၏ရိုးရာပဋိညာဉ်လက္ခဏာသို့ ပြန်သွားရန် ၎င်းတို့၏တောင်းဆိုမှု၌ ထင်ရှားသည်။ ဣသရေလရှိ ထုံးတမ်းစဉ်လာများစွာသည် အပြစ်တရား၏ "ဤကာလ"ကို ရှောင်ပြန်ဟပ်ကာ အရေခြုံ ခြင်းနှင့် တရားစီရင်ခြင်းဖြစ်လာခဲ့သည်။ ယခုအသက်ရှင်သူများသည်"နောင်ကာလ"တွင်ဤဓလေ့ထုံး တမ်းများကိုငြင်းပယ်ကြမည်ဖြစ်သည်။ ယေရှုသည် ယုံကြည်သူများအား ဤကာလနှင့် ၎င်း၏နည်းလမ်း ဟောင်းများမှ ကယ်နှုတ်ရန် ကြွဆင်းလာခဲ့ကြောင်း ပေါလုသွန်သင်ခဲ့သည်။ ဤသမ္မာတရားကို သီအိုရီ သို့မဟုတ် လက်တွေ့၌ငြင်းဆိုခြင်းသည် ယေရှုမည်သူဖြစ်သည်ဟူသော အနှစ်သာရကို ငြင်းပယ်ခြင်းဖြစ် သည်။

## ဧဝံဂေလိတရား

ပေါလုသည် ဂလာတိလူများ၏နောက်ဆုံးသောကာလနှင့်ပတ်သက်၍နားမလည်ခြင်းအပေါ် သူ၏စိုးရိမ်မှုကို ဖော်ပြသည့် ဒုတိယနည်းလမ်းမှာ၊ "ဧဝံဂေလိတရား"၏အကြောင်းအရာအပေါ် မိစ္ဆာဆရာများနှင့်သူ၏သဘောထားကွဲလွဲမှုကို ဖော်ပြခြင်းအားဖြင့်ဖြစ်သည်။ ဤကိစ္စကိုဂလာတိ ၁:၆-၇ တွင် ပေါလုအကျဉ်းချုပ်ဖော်ပြပုံကို နားထောင်ပါ_

> သင်တို့သည်အခြားသော ဧဝံဂေလိတရားကို ခံယူကြရသောကြောင့် ငါသည်အံ့သြခြင်းရှိ၏။ ထိုဧဝံဂေလိတရားသည် ဧဝံဂေလိတရားမဟုတ် (ဂလာတိ ၁:၆-၇)။

ဂလာတိပြည်ရှိ မိစ္ဆာဆရာများသည် ယေရှုအကြောင်းပြောနေခြင်းကို မရပ်တန့်ခဲ့ကြောင်း ကျွန်ုပ် တို့ယခုယုံကြည်နိုင်ပါသည်။ သူတို့သည် သတင်းကောင်းရရှိထားသော ခရစ်ယာန်များဖြစ်သည်ဟု ဆိုကြ သည်။ ပေါလုသည် ၎င်းတို့၏သတင်းစကားကို "အခြားသောဧဝံဂေလိတရား" သို့မဟုတ် "ဧဝံဂေလိ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တရားမဟုတ်" ဟု အဘယ်ကြောင့်ခေါ်ဆိုသနည်း။ ဤဖော်ပြချက်၏အရေးပါမှုကိုသိရှိနိုင်ရန်၊ "ဧဝံဂေလိတရား"ဟူသော ဝေါဟာရသည်— တစ်ခါတစ်ရံ "သတင်းကောင်း"ဟုအနက်ပြန်ဆိုသည်—ဂရိစကားလုံး *euangelion* (εὐαγγέλιον) မှ ဆင်းသက်လာကြောင်း မှတ်သားထားရမည်ဖြစ်သည်။ ဤဓမ္မသစ်ကျမ်းဂရိအသုံးအနှုန်းသည် ဓမ္မဟောင်းဟေဗြဲအသုံးအနှုန်းဖြစ်သော *mevasar* (מְבַשֵּׂר) ကိုအခြေခံထားပြီး၊ အထူးသဖြင့် ဟေရှာယတွင်အသုံးပြုထားသည်။ ဟေရှာယ ၅၂:၇ ရှိပရောဖက်ဟေရှာယ၏စကားများကိုနားထောင်ပါ_

> ငြိမ်သက်ခြင်း၏ဝမ်းမြောက်စရာသိတင်းကို ကြားပြောသောသူ၊ ကယ်တင်ခြင်းကောင်းကျိုးချမ်းသာ၏ဝမ်းမြောက်စရာသိတင်းကို ကြားပြောသောသူ၊ သင်၏ဘုရားသခင်စိုးစံတော်မူ၏ဟု ဇိအုန်မြို့အား ပြောသောသူ၏ခြေတို့သည် တောင်ပေါ်မှာ အလွန်တင့်တယ်လှစွတကား (ဟေရှာယ ၅၂:၇)။

ဤကျမ်းပိုဒ်တွင်၊ ဣသရေလလူမျိုး၏ကျွန်ခံခြင်းပြီးဆုံးသည့်အခါ ဘုရားသခင်သည် မကောင်းမှုအပေါ်အောင်ပွဲခံမည်ဖြစ်ကြောင်း ကြေငြာချက်ကို ဟေရှာယသည်ဟောပြောခဲ့သည်။ ဘုရားသခင်သည် သူ၏ရန်သူများကိုတရားစီရင်ပြီး၊ သူ၏လူများကို ကောင်းချီးမင်္ဂလာပေးခြင်းဖြင့် လူ့သမိုင်းတွင် သူ၏အုပ်စိုးမှုကိုတည်ဆောက်မည့်ကြေညာချက်ကို ဖော်ပြရန် "သတင်းကောင်း" ဟူသော ဝေါဟာရကိုအသုံးပြုခဲ့သည်။ ဤနေရာတွင် ဟေရှာယပြောခဲ့သည့် ကယ်တင်ခြင်းဆိုင်ရာသတင်းကောင်း"သင်၏ဘုရားသခင်စိုးစံတော်မူ၏"သည်—ဘုရားသခင်၏အုပ်စိုးမှုဖြစ်သည်။ ကျွန်ခံပြီးနောက် ဤဘုရားသခင်၏အုပ်စိုးမှုကိုဓမ္မသစ်ကျမ်းတွင် "ဘုရားသခင့်နိုင်ငံတော်၏ဧဝံဂေလိတရား" ဟုခေါ်သည်၊ ယင်းသည် နောင်ကာလအတွက် နောက်ထပ်အသုံးအနှုန်းဖြစ်သည်။

ထို့ကြောင့်၊ "ဧဝံဂေလိတရားမဟုတ်"ဟု ပေါလုပြောသောအခါ၊ ခရစ်တော်သည် နောင်ကာလ၊ ကယ်တင်ရာကာလ၊ ဘုရားသခင်၏နိုင်ငံတော်ကာလကို ယူဆောင်လာသည်ကို မိစ္ဆာဆရာများကငြင်းဆိုကြောင်း ဆိုလိုသည်။ ဘုရားသခင်၏တရားစီရင်ခြင်းကိုခံယူရန် ဣသရေလလူမျိုးအားလမ်းညွှန်ပေးသောအရာများကို ဆက်လက်သွန်သင်ပေးခြင်းဖြင့်—ဆိုလိုသည်မှာ ပညတ်တရား၏အကျင့်အားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သည်— မိစ္ဆာဆရာများသည် ခရစ်ယာန်သတင်းကောင်း၏စစ်မှန်သောအဓိပ္ပာယ်ကို ငြင်းပယ်ခဲ့ကြသည်။ တစ်ဖန်၊ ပေါလုသည် ဂလာတိပြည်ရှိပြဿနာ၏အရင်းခံမှာ မိစ္ဆာဆရာများ၏ နောက်ဆုံးသောကာလနှင့်ပတ်သက်၍နားမလည်ခြင်းဖြစ်ကြောင်းကို ထပ်မံဖော်ပြခဲ့သည်။ မိစ္ဆာဆရာများ မိတ်ဆက်ပေးသည့် မအောင်မြင်သော၊ အပြစ်ရှိသော တရားစီရင်ရေးဝါဒနည်းလမ်းများသည် ဘုရား၏နိုင်ငံတော်ကို ကမ္ဘာမြေကြီးပေါ်သို့ ခရစ်တော်ယူဆောင်လာသောအခါ ကြီးမားစွာသောပြောင်းလဲမှုများကို ငြင်းပယ်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ပညတ်တရား

ဂလာတိဩဝါဒစာအပေါ် ပေါလု၏နောက်ဆုံးသောကာလ လွှမ်းမိုးခဲ့သော တတိယနည်းလမ်းမှာ မောရှေ၏ပညတ်တရားကို အကဲဖြတ်ခြင်းတွင်ဖြစ်သည်။ ဤဩဝါဒစာတွင် ပညတ်တရား၏အကြောင်းအရာကို ပေါလုအကြိမ်များစွာ ရေးပြခဲ့သော်လည်း၊ အခန်းကြီး ၃ တွင် ဤကာလ၊ နောင်ကာလနှင့် စပ်လျဉ်းသည့် ၎င်း၏ရည်ရွယ်ချက်ကို ရှင်းလင်းစွာဖော်ပြခဲ့သည်။

ယခု၊ မောရှေ၏ပညတ်တရားသည် အာဗြဟံလက်ထက်တွင် ဘုရားသခင် ပြတ်သားစွာချမှတ်ထားသည့် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်း သို့မဟုတ် ဖြောင့်မတ်ခြင်းလမ်းစဉ်ကို ပျက်ပြယ်စေကြောင်း ပေါလုအခိုင်အမာပြောခဲ့သည်ကို ဤသင်ခန်းစာအစောပိုင်းတွင် ကျွန်ုပ်တို့မြင်တွေ့ခဲ့ရသည်။ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းသည် သမ္မာကျမ်းစာတစ်လျှောက်လုံး၏ ကယ်တင်ခြင်းနည်းလမ်းဖြစ်သည်။ သို့သော် ဤသမ္မာတရားသည် အရေးကြီးသောမေးခွန်းတစ်ခု ဖြစ်ပေါ်စေခဲ့သည်။ မောရှေ၏ပညတ်တရား၏ရည်ရွယ်ချက်ကား အဘယ်နည်း။ မောရှေ၏ပညတ်တရားကို ဘုရားသခင်သည် အဘယ်ကြောင့် ဂလာတိလူတို့ကို ပေးခဲ့သနည်း။ ၃:၁၉ တွင် ပေါလုပြောသည်ကိုနားထောင်ပါ_

> သို့ဖြစ်၍ပညတ်တရားသည် အဘယ်အကျိုးရှိသနည်းဟူမူကား၊ ဂတိတော်ကိုခံသော မျိုးအနွယ်မဖြစ်မီ တိုင်အောင်၊ ဒုစရိုက်များကြောင့် ထိုတရားကို ထပ်၍ပေးတော်မူ၏။ (ဂလာတိ ၃:၁၉)။

ပေါလုသည် ဤကျမ်းပိုဒ်တွင် အတိုချုပ်၍ပြောသောကြောင့် ရှုပ်ထွေးမှုများကို ဦးတည်စေခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့အနည်းငယ် ပို၍ဖော်ပြသင့်သည်။ ပထမ၊ ပေါလုက "ဒုစရိုက်များကြောင့် ထိုတရားကို ထပ်၍ပေးတော်မူ"ဟုဆိုခဲ့သည်။ ရောမ ၇:၁၂ အရ၊ ပညတ်တရားသည် "သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်းရှိသည်"ဟုဆိုသည်။ ၎င်းသည် ဘုရားသခင်၏ရှေ့တော်၌ အကောင်းနှင့်အဆိုးကို ထင်ရှားစေသည်။ သို့သော် အမှန်တကယ်တွင် ပညတ်တရားသည် အပြစ်တိုးပွားလာစေကြောင်း သမိုင်းကသက်သေထူသည်ကိုလည်း ပေါလုနားလည်ခဲ့သည်။ ရောမ ၅:၂၀ ၌ ရေးထားသကဲ့သို့ အာဒံ၏ "ပြစ်မှားသောအပြစ်ပွါးများ"စေသည်ဟုဆိုသည်။ အပြစ်မည်သို့ပွါးများလာသနည်း။

ဓမ္မဟောင်းပရောဖက်များနှင့် သခင်ယေရှုကိုယ်တိုင်က မောရှေ၏ပညတ်တရားသည် အပြစ်တိုးပွားခြင်းနှင့် ဘုရားသခင်၏တရားစီရင်ခြင်းကိုဖြစ်ပေါ်စေကြောင်း အခြေခံနည်းလမ်းနှစ်ရပ်ဖြင့်ဖော်ထုတ်ပြသခဲ့သည်။ ရှေးဦးစွာ၊ ဣသရေလလူများစွာသည် မောရှေ၏ပညတ်တရားမှ နာခံခြင်းနည်းလမ်းကို သိရှိလာသောအခါ၊ ၎င်းသည် သူတို့ကို ဘုရားသခင်အားပုန်ကန်ရန် လှုံ့ဆော်ခဲ့သည်။ သူတို့သည်တားမြစ်ထားသော အကျင့်ယိုယွင်းမှု၊ ရုပ်တုကိုးကွယ်မှု၊ မတရားမှုနှင့် အကြမ်းဖက်မှု အမျိုးမျိုးတို့ကို ထင်ရှားစွာ လိုက်လျှောက်ခဲ့ကြသည်။ ဒုတိယ၊ ဘုရားသခင်၏တရားသည် အရေခြုံတရားစီရင်ရေး ဝါဒစိုးမိုးရေးအတွက် အခွင့်အရေးပေးခြင်းဖြင့် ဣသရေလလူတို့တွင် အပြစ်တိုးပွားစေပါသည်။ ဣသရေလလူများစွာတို့သည် ပညတ်တရားကို နာခံခြင်းဖြင့် ဘုရားသခင်စိတ်တော်နှင့်တွေ့ရန်ကြိုးစားသော်လည်း၊ သူတို့သည်ဘုရားသခင့်ပညတ်တရားကို အပြင်ပန်းနှင့်ရွေးချယ်ကာနာခံမှုဖြင့် မိမိကိုယ်ကိုဖြောင့်မတ်စေသော

အကျင့်စနစ်တစ်ခုအဖြစ်လျှော့ချခဲ့ကြသည်။ ဤအရေခြံသူများသည် ယဇ်ပူဇော်ခြင်းနှင့်ဆုတောင်းခြင်းများကိုများပြားစေ၍၊ အစားအသောက်ကန့်သတ်ချက်များ၊ ဥပုသ်စောင့်ထိန်းခြင်းနှင့် အရေဖျားလှီးခြင်းကဲ့သို့သော အခြားစည်းမျဉ်းများကို လိုက်နာသောကြောင့် ဘုရားသခင်ရှေ့တော်တွင် မိမိတို့သည် ဖြောင့်မတ်သည်ဟု ထင်ကြသည်။ သို့တိုင်၊ သူတို့၏စိတ်နှလုံးသည် ဘုရားသခင် ကို ဆန့်ကျင်ကြသည်။ သူတို့သည် အရေဖျားလှီးခြင်းကိုကိုယ်ခန္ဓာ၌ ခံသော်လည်း၊ စိတ်နှလုံး၌မူကား ထိုသို့မဟုတ်။ ထို့ကြောင့်၊ သူတို့သည်လည်း အပြစ်၏တန်ခိုးနှင့် ဘုရားသခင်၏တရားစီရင်ခြင်းအောက် တွင် ရှိနေကြသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်အပေါ် သစ္စာစောင့်သိခြင်းဆိုင်ရာ လှုပ်ရှားမှု များကိုသာ ပြုလုပ်ကြသောကြောင့်ဖြစ်သည်။

၎င်းအပြင်၊ ဂလာတိ ၃:၁၉ တွင်၊ ပေါလုက "ဂတိတော်ကိုခံသောမျိုးအနွယ်မဖြစ်မှီ တိုင်အောင်၊ ဒုစရိုက်များကြောင့် ထိုတရားကို ထပ်၍ပေးတော်မူ၏။" ဟုဆိုခဲ့သည်။ ဤနေရာတွင် ပေါလုသည် နောင်ကာလကိုဆောင်ကျဉ်းပေးမည့် ခရစ်တော်မျှော်မှန်းသည့်အနေဖြင့် မောရှေ၏ပညတ်တရားအားဖြင့် အပြစ်တိုးပွားခြင်းကို ခွင့်ပြုခြင်းအတွက် ဘုရားသခင်၏ရည်ရွယ်ချက်ကို နောက်ကွယ်မှ ကြည့်ရှုခဲ့သည်။ ဘုရားသခင့်ရည်ရွယ်ချက်မှာ ခရစ်တော်၌ လောကသို့တိုးချဲ့ထားသောကျေးဇူးတော်ကိုချီးမြှောက်ရန်ဖြစ်သည်။ ဣသရေလ၏ပွင့်လင်းစွာပုန်ကန်မှုနှင့် အရေခြံတရားစီရင်ရေးဝါဒတို့သည် ရွေးချယ်ထားသောလူများကို ဘုရားသခင်၏တရားစီရင်မှုအောက်တွင် ရာစုနှစ်များစွာ ကျွန်ခံစေခဲ့သည်။ သို့ရာတွင် ဣသရေလတို့၏ကျွန်ခံရမှုသည် သမိုင်းတွင်အကြီးမားဆုံးသော ဘုရားသခင်၏ကျေးဇူးတော်ဖြစ်သည့် — နောက်ဆုံးသောကာလတွင် ခရစ်တော်၏ပေါ်ထွန်းခြင်းကို ဖြစ်ပေါ်စေခဲ့သည်။ ရောမ ၅:၂၀ တွင် ပေါလုရေးထားသကဲ့သို့ "ထိုမှတပါး၊ ပညတ်တရားသည် တဖန်ဝင်သဖြင့် ပြစ်မှားသောအပြစ်ပွါးများ၏။ သို့သော်လည်း အပြစ်ပွါးများသည်အရာမှာ ကျေးဇူးတော်သာ၍ကြွယ်ဝ၏"

ပေါလုသည် ခရစ်တော်၏နောက်လိုက်များအတွက် မောရှေ၏ပညတ်တရား၏ကိုယ်ကျင့်တရားဆိုင်ရာ ဆက်စပ်မှုကိုပယ်ချခဲ့ပြီး၊ ခရစ်တော်မကြွလာမီ ခေတ်ကာလတစ်ခုအထိ လွှဲပြောင်းခဲ့သည်ဟု ကျွန်ုပ်တို့ မတွေးသင့်ပါ။ ယင်းအစား၊ ဓမ္မသစ်၏ဦးစားပေးမှုအရ၊ ခရစ်တော်၌ နောက်ဆုံးသောကာလတွင် အသက်ရှင်နေထိုင်ခြင်းအတွက် ဓမ္မဟောင်းကျမ်း၏ကိုယ်ကျင့်တရားဆိုင်ရာ သွန်သင်ချက်များကို ခရစ်ယာန်အသက်တာတွင် ကျင့်သုံးရမည်ဖြစ်သည်။ ခရစ်တော်၏နောက်လိုက်များအတွက် မောရှေပညတ်တရား၏ကိုယ်ကျင့်တရားဆိုင်ရာသွန်သင်ချက်များ၏တည်မြဲသောအခွင့်အာဏာကို ပေါလုအတည်ပြုခဲ့သည့် ကျမ်းပိုဒ်နှစ်ပိုဒ်ကိုသာ သုံးသပ်ကြည့်ပါ။ ဂလာတိ ၅:၁၄ တွင် ပေါလုသည် ယုံကြည်သူများ အဘယ်ကြောင့် ချစ်ခြင်းမေတ္တာအားလိုက်လျှောက်သင့်သည်ကို ရှင်းပြရန် ဝတ်ပြုရာ ၁၉:၁၈ ကို ဖော်ပြခဲ့သည်။ ရှင်ပေါလုက_

> အကြောင်းမူကား၊ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူသော ပညတ်တပါးကိုကျင့်လျှင်၊ ပညတ်တရားရှိသမျှကို အကြွင်းမဲ့ကျင့်ရာ ရောက်၏ (ဂလာတိ ၅:၁၄)။

ဂလာတိ ၅:၂၂-၂၃ တွင်ပညတ်တရားကို အလားတူဖော်ပြထားသည်။ ယခုလိုရေးသားခဲ့သည်_



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဝိညာဉ်ပကတိ၏အကျိုးမူကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း (ဂလာတိ ၅:၂၂-၂၃ )။

ပညတ်တရားအပေါ် ပေါလု၏အမြင်သည် ရှုပ်ထွေးသည်။ ပေါလု၏ ဩဝါဒစာများကို လျင်မြန်စွာဖတ်ရှုခြင်းဖြင့် ပေါလုသည် ပညတ်တရားကို ဆန့်ကျင်သည်ဟု ကျွန်ုပ်တို့ကောက်ချက်ချနိုင်သည်၊ ၎င်းသည် အသင်းတော်သမိုင်းတစ်လျှောက် လူအများက သူ့အပေါ်နားလည်ခဲ့ကြပုံ ဖြစ်သည်။ အမှန်တကယ်တွင်၊ ပညတ်တရားနှင့်ကျေးဇူးတရားကြားတွင် ဆန့်ကျင်မှုများ ရှိနေသကဲ့သို့ ကျွန်ုပ်တို့သည် ပညတ်တရားအောက်တွင်မရှိ၊ ကျေးဇူးတရားအောက်တွင်ရှိသည်ဟု မကြာခဏ မိမိကိုယ်ကိုတွေ့မြင်တတ် ကြသည်။ သို့သော် ပေါလုပြောသောအရာကို နားလည်ရန် ကျွန်ုပ်တို့သည် ပိုမိုနီးကပ်စွာကြည့်ရှုရမည်ဖြစ်သည်။ ရှေးဦးစွာ၊ ပေါလုအတွက်—ရောမ ၇ တွင်ကျွန်ုပ်တို့တွေ့မြင်ရသကဲ့သို့—"တရားတော်သည်သန့်ရှင်းခြင်းရှိ၏။ ပညတ်တရားလည်း သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်းရှိ၏။" ထိုပြင် သူသည်တစ်ကြိမ်ထက်မက ပြောသည်။ ရောမ ၂ တွင်သူက "တရားသည် ပညာနှင့် သမ္မာတရား၏ သင်္ကေတဖြစ်သည်" ဟုဆိုသည်။ တစ်နည်းဆိုရသော်၊ ပညတ်တရားသည် ဘုရားသခင်မည်သူဖြစ်သည်၊ ကျွန်ုပ်တို့မည်သို့ဖြစ်သင့် သည်တို့ကို ကျွန်ုပ်တို့အားဖော်ပြပေးသည်။ ပညတ်တရား၏ အနှစ်သာရကို စဉ်းစားကြည့်ပါက သင်သည်"သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လိမ့်မည်... ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လိမ့်မည်" ...သို့သော် ပြဿနာများနှင့်ကြုံရသည့် အကြောင်းရင်းမှာ ပညတ်တရားကို အပြစ်ရှိသောလူများထံပေးထားခြင်း ဖြစ်သောကြောင့်၊ ကျွန်ုပ်တို့မည်သူ ဖြစ်ရမည်၊ မည်သည့်အရာလုပ်ရမည်ကို ပညတ်တရားက ပြောပြသည်။ သို့သော် အပြစ်ရှိသောသူများအနေဖြင့် ၎င်းကိုကျွန်ုပ်တို့ မလုပ်ကြပါ။ ထို့ကြောင့် ကျွန်ုပ်တို့ မလုပ်သောအရာကို ပညတ်တရားသည်ပြောပြသည်။ ထို့အတွက်ကြောင့်၊ ၎င်းသည်ပြစ်တင်ရှုတ်ချသော လက်နက်တစ်ခု ဖြစ်လာသည်။ ကျွန်ုပ်တို့၏အပြစ်ကို တည်စေသည်။ အခြေခံအားဖြင့် ထိုအချက်ကို ထပ်လောင်းပြောရလျှင်၊ ပညတ်တရားသည် စာမျက်နှာ တစ်ခုပေါ် ရှိ စကားလုံးများသာဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့မည်သည့်အရာ လုပ်ရမည်၊ မလုပ်ရမည်ကို ပြောပြနိုင်သည်။ သို့သော် ကျွန်ုပ်တို့ကို တစ်စုံတစ်ခုပြုလုပ်ရန် သို့မဟုတ် တစ်စုံတစ်ခု ပြုလုပ်ခြင်းမှတားဆီးရန် သူ့တွင်အစွမ်းမရှိဘူး...ထို့ကြောင့် ပေါလုသည် ဝိညာဉ်တော်အပေါ် အလွန်အလေးပေးဖော်ပြခြင်းဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အဘယ်ကြောင့်ဆိုသော် ပညတ်တရားသည် ကျွန်ုပ်တို့အား မည်သည့်အရာ လုပ်ဆောင်ရမည်ကို ပြောပြနိုင်သော်လည်း၊ ဝိညာဉ်တော်သာလျှင် ခရစ်တော်၏ဖြောင့်မတ်ခြင်းနှင့် တရားတော်ကို နာခံခြင်းတို့ကို စွမ်းဆောင်နိုင်စေသည်၊ သို့မှသာ ကျွန်ုပ်တို့ကိုပညတ်တရား အမှန်တကယ် ဖြစ်စေလိုသည့်အတိုင်း ကျွန်ုပ်တို့ဖြစ်လာမည်ဖြစ်သည်။ ၎င်းကို ပေါလုသည် ဝိညာဉ်ပကတိ၏အကျိုးဟု ခေါ်သည်။

**Dr Donald Cobb**

## ခရစ်တော်နှင့်ပေါင်းစည်းခြင်း

နောက်ဆုံးသောကာလနှင့်ပတ်သက်သော ပေါလု၏အရေးအသားသည် သူ၏အဓိကအမြင် အပေါ်မူတည်သော စတုတ္ထနည်းလမ်းမှာ ယုံကြည်သူများ၏ခရစ်တော်နှင့်ပေါင်းစည်းခြင်းကို အာရုံစိုက် ခြင်းဖြစ်သည်။ ဂလာတိပြည်ရှိ မိစ္ဆာဆရာများသည် ဂလာတိလူများအား ၎င်းတို့၏ကယ်တင်ခြင်း အကြောင်းကို တစ်သီးပုဂ္ဂလအမြင်ဖြင့် စဉ်းစားရန်အားပေးခဲ့ကြသည်။ အရေဖျားလှီးခြင်းနှင့် မောရှေ ပညတ်မှ ဖော်ထုတ်ခဲ့သော အခြားထုံးတမ်းစဉ်လာများအပေါ် သူတို့၏အာရုံစိုက်မှုသည် ဖြောင့်မတ်သော အသက်တာတွင် အသက်ရှင်နေထိုင်ရန်နှင့် ပညတ်တရားကိုနာခံခြင်းဖြင့် ဖြောင့်မတ်ခြင်းရရှိရန် လူတိုင်း ၏ကယ်တင်ခြင်းအတွက်ကြိုးစားမှုကို လျှော့နည်းစေသည်။ အမှန်တကယ်တွင်၊ ယောကျ်ား၊ မိန်းမ၊ ကလေးများအား ၎င်းတို့တစ်ဦးချင်း၏ ထိုက်တန်ခြင်းအပေါ်အခြေခံ၍ ဘုရားသခင်ရှေ့တွင် ရပ်ကြရ သည်။ သို့သော် ဖြောင့်မတ်ခြင်းနှင့် ဖြောင့်မတ်သောအသက်ရှင်ခြင်းတို့ကို ဤနည်းဖြင့်မရနိုင်ကြောင်း ပေါလုအခိုင်အမာဆိုသည်။ ဖြောင့်မတ်ခြင်းနှင့် ဖြောင့်မတ်သောအသက်ရှင်ခြင်းတို့သည် ခရစ်တော်နှင့် ပေါင်းစည်းခြင်းအားဖြင့် ဖြစ်ပေါ်လာရပေသည်။ ဂလာတိ ၃:၂၆-၂၉ တွင် ပေါလုဤသို့ဖော်ပြထားသည်_

> အဘယ်သို့နည်းဟူမူကား၊ သင်တို့အပေါင်းသည် ယေရှုခရစ်ကို ယုံကြည်သဖြင့် ဘုရားသခင်၏သား ဖြစ်ကြ၏။ ခရစ်တော်၌ ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည် ခရစ်တော်ကို ယူတင်ဝတ်ဆောင်သောသူဖြစ်ကြ၏။ ယေရှုခရစ်၌ယုဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ။ လူလွတ်မရှိ၊ ယောကျ်ားမရှိ၊ မိန်းမမရှိ၊ ထိုသခင်၌ သင်တို့အပေါင်းသည် တလုံးတဝတည်းဖြစ်ကြ၏။ ခရစ်တော်နှင့်စပ်ဆိုင်လျှင် အာဗြဟံ၏အမျိုးအနွယ်ပင်ဖြစ်၍၊ ဂတိတော်အတိုင်း အမွေခံ၏အရာ၌ တည်ကြ၏ (ဂလာတိ ၃:၂၆-၂၉)။

ဂလာတိပြည်ရှိ မိစ္ဆာဆရာများက အသင်းတော်ရှိယုံကြည်သူအချို့သည် အခြားသူများထက် သာလွန်ကောင်းမွန်သောကြောင့် လူတိုင်းသည် မိမိတို့၏ထိုက်တန်ခြင်းအပေါ်အခြေခံ၍ ဘုရားသခင် ရှေ့၌ရပ်ကြရသည်ဟု အမှန်တကယ် သွန်သင်ကြသည်။ သို့သော် သူတို့မှားသည်။ သမ္မာတရားမှာ ကျွန်ုပ် တို့သည် "ခရစ်တော်ကို ဝတ်ဆင်သောကြောင့်"၊ "ယေရှုခရစ်၌ရှိသောကြောင့်" ဖြစ်သည်။ ဤနည်းဖြင့်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့သည် ခရစ်တော်နှင့် စည်းလုံးညီညွတ်သောကြောင့်၊ ဘုရားအရာတစ်ခုကိုသာ သင်တို့၌ငါသိလို၏။သခင်သည် ခရစ်ယာန်များကို ခရစ်တော်ကဲ့သို့ပင် ရှုမြင်ပါသည်။ ခရစ်တော်သည် အကြွင်းမဲ့ဖြောင့်မတ်ပြီး သန့်ရှင်းသည်၊ တရားမျှတပြီး အာဗြဟံ၏ကောင်းချီးမင်္ဂလာများ အားလုံးနှင့် ထိုက်တန်သောကြောင့်၊ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဖြောင့်မတ်သန့်ရှင်းပြီး၊ တရားမျှတကာ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာကိုလည်း ခံထိုက်သူအဖြစ် မြင်ပါသည်။

တစ်ဖန်၊ ပေါလု၏ရှုထောင့်သည် သူ၏နောက်ဆုံးသောကာလမှ ထွက်ပေါ်လာသည်။ ဤတရားစီရင်ခြင်းကာလမှ လာမည့်ကောင်းကြီးမင်္ဂလာကာလသို့ ကူးပြောင်းခြင်းသည် ခရစ်တော်၏အသက်တာ၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတဆင့် ဖြစ်ပေါ်လာသည်ဟု ပေါလုသွန်သင်ခဲ့သည်။ ခရစ်တော်သည် တရားတော်ကိုနာခံခြင်းဖြင့် ယုံကြည်သူအားလုံးအတွက် ပညတ်တရား၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။ ယုံကြည်သူများကိုယ်စား အသေခံခြင်း—သူတို့ကိုယ်စား ပညတ်တရား၏ ကျိန်ခြင်းကိုခံခြင်းဖြင့်—အပြစ်အတွက်သေခြင်းဖြင့်ပေးဆပ်ရမည့်ပညတ်တရား၏လိုအပ်ချက်ကို ခရစ်တော်ဖြည့်ဆည်းပေးခဲ့သည်။ ယုံကြည်သူများကိုယ်စား ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ခရစ်တော်နှင့် သူအသေခံပေးသောသူများကို ခမည်းတော်သည် ဘုန်းအသရေခံထိုက်သူအဖြစ် သက်သေထူခဲ့သည်။ ရလဒ်အနေဖြင့် ယုံကြည်သူများသည် ခရစ်တော်အား ယုံကြည်ခြင်းဖြင့် စည်းလုံးညီညွတ်သောအခါ၊ ဘုရားသခင်သည် သူတို့အား ခရစ်တော်ကိုယ်တိုင်ကဲ့သို့ ကြည့်ရှုတော်မူပြီး၊ ထိုအခြေခံအချက်အားဖြင့် ၎င်းတို့အား ခရစ်တော်နှင့်အတူ ပညတ်တရား၏ကျိန်ခြင်း၌ အသေခံပြီး၊ ခရစ်တော်နှင့်အတူ နောင်ကာလ၏ဘဝသစ်၌ရှင်ပြန်ထမြောက်သည်ဟု ယူဆခဲ့သည်။ ဂလာတိပြည်၏မိစ္ဆာဆရာများ နောက်သို့ လိုက်ရန်မှာ အာဗြဟံ၏ကတိတော်၏အမွေဆက်ခံသူအဖြစ် ခရစ်တော်၏အဓိကအခန်းကဏ္ဍကို ငြင်းပယ်ရန်ဖြစ်သည်။ လူတစ်ဦးစီတိုင်းသည် မိမိ၏ကိုယ်ပိုင်ကြိုးစားအားထုတ်မှုဖြင့် ဖြောင့်မတ်စွာ အသက်ရှင်ခြင်း၏ကောင်းချီးမင်္ဂလာများနောက် လိုက်လျှောက်ရန် လိုအပ်သည်။ သို့သော် ပေါလုသည် ခရစ်တော်ကို ကယ်တင်ခြင်း၏ကဏ္ဍပေါင်းစုံ ရောက်ရှိလာစေသောသူ အာဗြဟံ၏အမျိုးအနွယ်အဖြစ် မြင်ပြီး၊ ယုံကြည်သူများသည် ခရစ်တော်နှင့် ပေါင်းစည်းထားမှသာ ဘုရားသခင်၏ကောင်းချီးမင်္ဂလာ အားလုံးကို ရရှိကြောင်း ထင်ရှားစေခဲ့သည်။

# သန့်ရှင်းသောဝိညာဉ်တော်

ပေါလု၏ဓမ္မပညာဆိုင်ရာအမြင်များက ဂလာတိဩဝါဒစာအကြောင်း သူ၏ရေးသားမှုကို လမ်းညွှန်ပေးသည့် ပဥ္စမနည်းလမ်းမှာ ခရစ်ယာန်အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော်၏ အခန်းကဏ္ဍကို ဆွေးနွေးခြင်းဖြစ်သည်။ ၎င်းသည် မကြာခဏ လျစ်လျူရှုခံထားရသော်လည်း၊ သန့်ရှင်းသောဝိညာဉ်တော်၏အခန်းကဏ္ဍသည် ဤဩဝါဒစာကိုရေးသောအခါ ပေါလု၏အဓိကအကြောင်းအရာများထဲမှတစ်ခုဖြစ်သည်။ ဂလာတိပြည်ရှိ မှားယွင်းသောသွန်သင်ချက်ကို သူဦးစွာဖော်ပြခဲ့သည့် ဂလာတိ ၃:၁-၃ တွင် သန့်ရှင်းသောဝိညာဉ်တော်၏အခန်းကဏ္ဍကို ပေါလု မည်သို့အလေးပေးဖော်ပြခဲ့သည်ကို နားထောင်ပါ_

> ပညာမဲ့သော ဂလာတိလူတို့ သင်တို့ကို အဘယ်သူပြုစားသနည်း။...ဤမျှလောက် ပညာမဲ့ကြသလော။ ဝိညာဉ်တော်ကို အမှီပြု၍ လုပ်စရှိပြီးမှ ဇာတိကို အမှီပြု၍ ပြီးစေကြသလော။ (ဂလာတိ ၃:၁-၃)။

သန့်ရှင်းသောဝိညာဉ်တော်ကို မှီခိုအားထားခြင်းဖြင့် သူတို့၏ခရစ်ယာန်အသက်တာကို စတင်ခဲ့သော ဂလာတိလူများသည် ၎င်းတို့၏ကိုယ်ပိုင်ကြိုးစားအားထုတ်မှုကို အားကိုးရန် တစ်နည်းတစ်ဖုံ လှည့်စားခံရခြင်းကြောင့် ပေါလုအံ့ဩသွားခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်နှင့် လူ့ဇာတိကြိုးစားအားထုတ်မှုတို့ကြား ခြားနားမှုကို အာရုံစိုက်ရန် ပေါလုဖော်ပြသည့်နေရာတစ်ခုမှာ ဂလာတိ ၅:၁၆-၂၆ ဖြစ်သည်။ ထိုနေရာတွင်၊ သူသည် ဇာတိပကတိနှင့် ဝိညာဉ်အကြားကြီးမားသော ခြားနားမှုကို ဖော်ထုတ်ခဲ့သည်။ ပေါလုသည် အပြစ်သဘာဝ၏လုပ်ရပ်များ သို့မဟုတ် လူသား၏ဇာတိကြိုးစားအားထုတ်မှုကို ဝိညာဉ်ပကတိ၏အကျိုးနှင့်ဆန့်ကျင်ဖော်ပြခဲ့သည်။ ဂလာတိ ၅:၁၉-၂၁ တွင်ဇာတိပကတိအကျင့်တို့မှာ "သူ့မယားကိုပြစ်မှားခြင်း၊ မတရား သောမေထုန်၌မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာလွန်ကျူးခြင်း၊ ရုပ်တုကိုကိုးကွယ်ခြင်း၊ သူတပါးကိုပြုစားခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုန်ခြင်း၊ အချင်းချင်း ကွဲပြားခြင်း၊ သင်းခွဲခြင်း၊ သူ့အကျိုးကိုငြူစူခြင်း၊ လူအသက်ကိုသတ်ခြင်း၊ ယစ်မျိုးကို သောက်ကြူးခြင်း၊ ပွဲလုပ်ခြင်း" သို့သော် ဂလာတိ ၅:၂၂၊ ၂၃ တွင် ဝိညာဉ်ပကတိ၏အကျိုးများမှာ"ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း"

ပေါလုသည် ဂလာတိအသင်းတော်များ ကွဲပြားသွားခြင်းအပေါ် လွန်စွာစိုးရိမ်ခဲ့သည်။ ခရစ်တော်၏အသင်းတော်အတွက် သင့်လျော်သောစည်းလုံးညီညွတ်မှုဖြင့် ကွဲပြားခြင်း၏မငြိမ်သက်မှုကို အစားထိုးရန် သူအလိုရှိခဲ့သည်။ ဤစည်းလုံးညီညွတ်မှုကို တည်ဆောက်ရန်သူမည်သို့တောင်းဆိုခဲ့သနည်း။ ဇာတိပကတိအားဖြင့် မဟုတ်။ ဇာတိပကတိအားကိုးခြင်းသည် အသင်းတော်အတွက် ဒုက္ခအမျိုးမျိုးကို ဖြစ်ပေါ်စေသည်။ စည်းလုံးခြင်းဆီသို့ ဦးတည်သောလမ်းမှာ သန့်ရှင်းသောဝိညာဉ်တော်ကို မှီခိုအားထားခြင်းဖြစ်သည်။ ကျွန်ုပ်တို့သိသည့်အတိုင်း၊ နေရာတိုင်းရှိဘုရားသခင်၏လူတို့အပေါ် သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းသည် ကောင်းကင်ဘုံသို့ ခရစ်တော်တက်ကြွတော်မူသောအခါ အသင်းတော်အား ပေးခဲ့သော အံ့ဩဖွယ်ဆုကျေးဇူးဖြစ်သည်။

ယောလ ၂:၂၈ ၏ပရောဖက်ပြုချက်မှာ ဓမ္မဟောင်းတွင် သူမလုပ်ခဲ့သောနည်းလမ်းများဖြင့် ဘုရားသခင်သည် နောင်ကာလတွင်သူ၏ဝိညာဉ်တော်ကို သွန်းလောင်းမည်ဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြထားသည်။

> ထိုနောက်မှ လူမျိုးတကာတို့ အပေါ်သို့ ငါ၏ဝိညာဉ်တော်ကို ငါသွန်းလောင်းမည်။
> သင်တို့၏သားသမီးတို့သည် ပရောဖက်ဉာဏ်နှင့် ဟောပြောရကြလိမ့်မည်။
> အသက်ကြီးသောသူတို့သည် နိမိတ်အိပ်မက် တို့ကို မြင်မက်ရကြလိမ့်မည်။
> အသက်ငယ်သောသူတို့သည်လည်း ဗျာဒိတ်ရူပါရုံတို့ကို မြင်ရကြလိမ့်မည်
> (ယောလ ၂:၂၈)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခရစ်တော်မကြွလာမီကပင် ယုံကြည်သူများနှင့်အတူ သန့်ရှင်းသောဝိညာဉ်တော်သည် ရှိနေခဲ့ပြီး၊ ယုံကြည်သူများအား ဘုရားသခင်အပေါ် ဆက်လက်သစ္စာရှိရန် ခွန်အားအစွမ်းပေးခဲ့သည်။ သို့သော် ထိုအချိန်ကပရောဖက်များ၊ ယဇ်ပုရောဟိတ်များနှင့် ဘုရင်များကဲ့သို့သော လူအနည်းစုအတွက် ခြွင်းချက်အနေဖြင့် သာ၍ကြီးမားသောဖြည့်စွက်မှုနှင့် အထူးဆုကျေးဇူးများကို သီးသန့်ထားရှိခဲ့သည်။ ဤသဘောအရ၊ ဓမ္မဟောင်း၌ သန့်ရှင်းသောဝိညာဉ်တော်၏တည်ရှိမှုသည် ထူးခြားမှုနှင့် လွှမ်းခြုံမှုနည်းပါးသည်။ သို့သော် နောင်ကာလတွင်၊ ယုံကြည်သူလူတန်းစားအားလုံးနှင့် လူမျိုးတကာတို့အပေါ် သန့်ရှင်းသောဝိညာဉ်တော် သွန်းလောင်းမည်ဟု ယောလကြိုဟောခဲ့သည်။ တမန်တော် ၂ တွင် ကျွန်ုပ်တို့တွေ့ရသကဲ့သို့၊ ယောလ၏ပရောဖက်ပြုချက်သည် ပင်တေကုတ္တေပွဲနေ့၌ ပြည့်စုံလာသည်။ ထိုအချိန်တွင်၊ ဘုရားသခင်သည် သူ၏လူအားလုံးအပေါ် ထူးခြားသောနည်းလမ်းဖြင့် သူ၏ဝိညာဉ်တော်ကို စတင်သွန်းလောင်းခဲ့ပြီး၊ နောင်ကာလ၏မျှော်လင့်ချက်သည် အမှန်တကယ်ဖြစ်လာကြောင်း ညွှန်ပြနေသည်။

သို့သော် ဂလာတိတွင်၊ မိစ္ဆာဆရာများသည် ဂလာတိလူများအား ၎င်းတို့၏ကိုယ်ပိုင်ကြိုးစားအားထုတ်မှုကို အားကိုးရန်ညွှန်ကြားခဲ့သည်။ သူတို့သည် ဓမ္မသစ်ခေတ်ဝိညာဉ်တော်၏ကြွယ်ဝသောဆုကျေးဇူးများကို ငြင်းဆိုခဲ့ကြသည်။ ခရစ်တော်သည် နောင်ကာလကိုအစပြုစဉ် ပေးခဲ့သော သန့်ရှင်းသောဝိညာဉ်တော်၏ကြီးမြတ်သောကောင်းချီးမင်္ဂလာကို သူတို့နားမလည်ခဲ့ကြပါ။ တုံ့ပြန်မှုအနေဖြင့်၊ ခရစ်တော်နှင့်စပ်ဆိုင်သောသူတို့သည် တန်ခိုးတော်နှင့် ပြည့်စုံခြင်း၌ သန့်ရှင်းသောဝိညာဉ်တော်ကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း ဂလာတိလူတို့အား ပေါလုသတိပေးခဲ့သည်။ ခရစ်တော်၏နောက်လိုက်များသည် ဝိညာဉ်တော်၏တန်ခိုးကို အားကိုးသောအခါ၊ အသင်းတော်၌ ပုဂ္ဂိုလ်ရေးဆည်းကပ်မှုနှင့် စည်းလုံးညီညွတ်မှုရရှိရန် သူတို့အတွင်း၌ လှုံ့ဆော်ပေးတော်မူသည်။

## အသစ်ပြုပြင်သော သတ္တဝါ

ပေါလုသည် သူ၏နောက်ဆုံးသောကာလ၏အယူဝါဒအပေါ် အလေးအနက်မှီခိုခြင်းကို ကျွန်ုပ်တို့တွေ့မြင်ရသည့် နောက်ဆုံးတစ်ခုမှာ သူ၏အသစ်ပြုပြင်သော သတ္တဝါအယူအဆကို ဖော်ပြခြင်းဖြစ်သည်။ ဤအယူဝါဒသည် သူ၏ဩဝါဒစာ၏နောက်ဆက်တွဲတွင် ထွက်ပေါ်လာသည်။ ဂလာတိ ၆:၁၅-၁၆ တွင် ပေါလုရေးခဲ့သည်ကို နားထောင်ပါ_

> အကြောင်းမူကား၊ ယေရှုခရစ်ထံ၌ အရေဖျားလှီးခြင်းအကျိုးမရှိ။
> မခံဘဲနေခြင်းလည်း အကျိုးမရှိ။ သတ္တဝါသစ်ဖြစ်ခြင်းသာ အကျိုးရှိ၏။
> ဤနည်းဥပဒေသအတိုင်းကျင့်သော သူရှိသမျှ တို့အပေါ်၌၎င်း၊
> ဘုရားသခင်၏ဣသရေလအမျိုး အပေါ်၌၎င်း၊ ငြိမ်သက်ခြင်းနှင့်
> သနားတော်မူခြင်း သက်ရောက်ပါစေသော (ဂလာတိ ၆း၁၅-၁၆)။

များစွာသောကဏ္ဍများတွင်၊ ဤနုတ်ကပတ်တော်များသည် ဂလာတိဩဝါဒစာတွင်တင်ပြထားသောရှုထောင့်အားလုံးကို အကျဉ်းချုပ်ဖော်ပြသည်။ ပေါလု၏အမြင်တွင်၊ သူ၏ဆန့်ကျင်သူများသည်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အရေဖျားလှီးခြင်းကို လွန်ကဲစွာလုပ်ဆောင်နေကြပြီး၊ ခရစ်တော်ကြွလာခြင်းနှင့်အတူ၊ လူသည် အရေဖျားလှီးခြင်းခံသည်ဖြစ်စေ၊ မခံသည်ဖြစ်စေ အရေးမကြီးပါ။ ယင်းအစား၊ လူတိုင်းသည် "သတ္တဝါသစ်"၏အစိတ်အပိုင်းတစ်ခုဖြစ်ခြင်းသည်သာ အရေးကြီးပါသည်။

ခရစ်တော်နှင့်အတူ Es*chaton* သို့မဟုတ် "နောက်ဆုံးသောကာလ" သည်ရောက်ရှိလာကြောင်း ပေါလုယုံကြည်ခဲ့သော နည်းလမ်းများထဲမှတစ်ခုမှာ၊ ခရစ်တော်သည် စကြဝဠာတစ်ခုလုံးကို အသစ်ပြန်လည်ဖန်ဆင်းခဲ့ခြင်းဖြစ်သည်ကို သင်မှတ်မိမည်ဖြစ်သည်။ ဤအစီအစဉ်အသစ်သည် ဘုရားသခင်၏လူတို့အား ဤမျှကြီးမားသောကောင်းချီးမင်္ဂလာများကို ယူဆောင်လာခဲ့ပြီး၊ ၎င်းသည် ဖန်ဆင်းခြင်းအဟောင်း၏နည်းလမ်းများကို လုံးဝလွှမ်းမိုးထားသည်။ ခရစ်တော်ကြွလာတော်မမူမီ၏ အသက်တာလမ်းစဉ်သို့ ပြန်သွားမည့်အစား၊ သတ္တဝါသစ်ဖြစ်ခြင်းသည် ယုံကြည်သူတိုင်းအတွက် အထူးအလေးထားရမည့်အရာဖြစ်သည်။ ပေါလုလက်ထက်မှစ၍ ခရစ်တော်ပြန်ကြွလာချိန်အထိ၊ ခရစ်တော်၏နောက်လိုက်တိုင်း၏အဓိကအလေးထားရမည့်အရာမှာ သတ္တဝါသစ်အဖြစ် အသက်ရှင်ရန်ဖြစ်သည်။ ပေါလုပြောခဲ့သည့်အတိုင်း၊ ဤအရာကို ရွေးချယ်သောသူများသည် အမှန်ပင် "ဘုရားသခင်၏ဣသရေလအမျိုး" ဖြစ်သည်။

# နိဂုံး

ဤသင်ခန်းစာတွင်၊ ဂလာတိအသင်းတော်များတွင် ဖြစ်ပေါ်လာသောပြဿနာများကို ပေါလုမည်သို့တုံ့ပြန်သည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်။ ဂလာတိပြည်တွင် အရေဖျားလှီးခြင်းဆိုင်ရာ အငြင်းပွားမှုများ၏နောက်ခံသမိုင်းကြောင်း၊ ဂလာတိဩဝါဒစာ၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာ၊ ဂလာတိပြည်ရှိပြဿနာများအတွက် ပေါလု၏တုံ့ပြန်မှုများသည် နောက်ဆုံးသောကာလအပေါ် ၎င်း၏ဓမ္မပညာဆိုင်ရာအဓိကအမြင်များမှ ထွက်ပေါ်လာပုံကို ကျွန်ုပ်တို့လေ့လာထားပါသည်။

ယနေ့ ဂလာတိဩဝါဒစာကို ကျွန်ုပ်တို့ ပြန်လည်သုံးသပ်သည့်အခါ၊ ပေါလုသည် မူလပရိသတ်ကို ၎င်းတို့၏ပြဿနာများတစ်လျှောက် မည်သို့လမ်းညွှန်ခဲ့သည်သာမက၊ ဤဩဝါဒစာသည် ယနေ့ကျွန်ုပ်တို့အား မည်သို့ပြောဆိုသည်ကိုလည်း သိမြင်လာပါသည်။ မျက်မှောက်ခေတ်ခရစ်ယာန်များသည် ဂလာတိလူတို့ကဲ့သို့ အသက်ရှင်ရန် အကြိမ်ကြိမ်သွေးဆောင်ခံရသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏အောင်မြင်မှုကို လျှော့တွက်ပြီး၊ ကျွန်ုပ်တို့၏ကိုယ်ပိုင်ကြိုးစားအားထုတ်မှုဆီသို့ လှည့်သွားကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကျေးဇူးတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ကို အားကိုးမည့်အစား၊ ကျွန်ုပ်တို့၏ကောင်းသောအကျင့်အားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်ရန်ကြိုးစားကြသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ခရစ်တော်၌ ကြွလာသောအရာများကို လက်ခံယုံကြည်လျှင်၊ ခရစ်တော်၏ဧဝံဂေလိတရားသည် ကေန်အမှန် သတင်းကောင်းဖြစ်သည်ကို ကျွန်ုပ်တို့ တွေ့ရှိရမည်ဖြစ်သည်။ ခရစ်တော်သည် သူ့အား ယုံကြည်သူတိုင်းထံသို့ နောင်ကာလ၏ကောင်းချီးမင်္ဂလာများကို ယူဆောင်လာခဲ့သည်။ ခရစ်တော်၌သတ္တဝါသစ်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

၏ကောင်းချီးမင်္ဂလာများနှင့်အတူ နေ့စဉ်အသက်ရှင်နိုင်စေရန် သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းကို ကျွန်ုပ်တို့အားပေးသနားတော်မူသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။